ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ
အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊
ဖွံ့ဖြိုးရေးခိုင်မံကိန်း (UEHRD) ကော်မတီ

# (၁-၀-၂၀၁၉)မှ (၃၀-၉-၂၀၂၀)ထိ ကာလအတွင်းလုပ်ငန်းဆောင်ရွက်မှု အစီရင်ခံတင်ပြခြင်း

၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ရက်

UEHRD ကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ၁၈-၁၀-၂၀၁၉ နေ့တွင် ကျင်းပပြုလုပ်သော UEHRD ကော်မတီ ဒုတိယအကြိမ်နှစ်ပတ်လည်အခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်းကောက်နုတ်ချက်

UEHRD စပြီးပေါ်လာတာက ၂၀၁၇ ခုနှစ် ရခိုင်ပြည်နယ်မှာဖြစ်တဲ့ ပဋိပက္ခတွေ၊ ပြဿနာတွေကို အားလုံးစုပေါင်းပြီးလုပ်မယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ဖြစ်ပေါ်လာတာဖြစ်ပြီး ကျွန်မတို့ကစပြီး ပြည်ထောင်စုတစ်ခုလုံး ပါဝင်ရမယ့်လုပ်ငန်းဖြစ်ပါကြောင်း၊ ပြည်ထောင်စုတစ်ခုလုံး ပါဝင်ရမယ့်လုပ်ငန်းဆိုတာ ကျွန်မတို့ ပြည်ထောင်စုရဲ့ ဘယ်နေရာမှာပဲဖြစ်ဖြစ် အကောင်းဆုံးလုပ်နိုင်ရင် ကျန်တဲ့သူက မုဒိတာပွားနိုင်ရမှာ ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်မှာ အခုဖြစ်ပွားနေတဲ့ ပြဿနာတွေကို နိုင်ငံသူနိုင်ငံသားများ ပြည်ထောင်စုသားသမီးများ အားလုံးရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ဖြေရှင်းနိုင်မယ်ဆိုရင် နောင်လာနောက်သားတွေအတွက် အင်မတန်မှ တန်ဖိုးဖြတ်လို့မရတဲ့ အမွေအနှစ်တွေ ဖြစ်လာမည်ဖြစ်ပါကြောင်း၊ ဘယ်လိုအခက်အခဲတွေပဲ ဖြစ်လာဖြစ်လာ ငါတို့နိုင်ငံဟာ ချမ်းသာသေးတဲ့နိုင်ငံ မဟုတ်သော်လည်း အင်အားကြီးနိုင်ငံတစ်ခု မဟုတ်သော်လည်း ငါတို့ရဲ့စုပေါင်းအင်အားနဲ့ ဒီစိန်ခေါ်မှုတွေကို အားလုံးရင်ဆိုင်နိုင်တယ်၊ ကျော်လွှားနိုင်တယ်ဆိုတဲ့ ယုံကြည်စိတ်ချမှုကို နောင်လာနောက်သားတွေ၊ မျိုးဆက်သစ်တွေကို ပေးသွားချင်ပါကြောင်း၊ ဒီလိုယုံကြည်မှုနဲ့ အင်အားကို ပေးသွားနိုင်မယ်ဆိုရင် နောင်အနာဂတ်မှာ ဘယ်လိုစိန်ခေါ်မှုတွေနဲ့ပဲ မြန်မာနိုင်ငံဟာ ရင်ဆိုင်ရ ရင်ဆိုင်ရ ကျော်လွှားနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁-၂ |
| ၂။ | UEHRD ကော်မတီ ဖွဲ့စည်းခြင်း | ၂-၄ |
| ၃။ | လုပ်ငန်းတာဝန်များ | ၄-၄ |
| ၄။ | လုပ်ငန်းစဉ်များ | ၅-၅ |
| ၅။ | လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းမှု | ၅-၅ |
| ၆။ | ငွေစာရင်းများဖွင့်လှစ်ထားရှိမှု | ၆-၇ |
| ၇။ | UEHRD ရန်ပုံငွေ ရရှိ၊ သုံးစွဲ၊ လက်ကျန်အခြေအနေ | ၇-၁၁ |
| ၈။ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုခံယူခြင်း | ၁၁-၁၁ |
| ၉။ | လုပ်ငန်းစဉ်(၁)၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထိထိရောက်ရောက်ပေးအပ်ရေးနှင့် ဒုက္ခသည်များ ပြန်လည်လက်ခံရေး | ၁၂-၁၅ |
| ၁၀။ | ကြက်ခြေနီလှုပ်ရှားမှုအဖွဲ့ (Red Cross Movement)၏ ထောက်ပံ့ဆောင်ရွက်မှုများ | ၁၅-၁၆ |
| ၁၁။ | ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (World Food Program-WFP)၏ ထောက်ပံ့ဆောင်ရွက်မှု | ၁၆-၁၆ |
| ၁၂။ | UEHRD လူငယ်အစီအစဉ် | ၁၆-၁၆ |
| ၁၃။ | နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးအတွက် ကော်မတီများဖွဲ့စည်းခြင်း | ၁၇-၂၁ |
| ၁၄။ | လုပ်ငန်းစဉ်(၂)၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး | ၂၂-၂၅ |
| ၁၅။ | ဒေသအတွင်းနေရပ်စွန့်ခွာနေထိုင်ရသူများအတွက် ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်မှု | ၂၅-၂၇ |
| ၁၆။ | UEHRD လုပ်ငန်းအဖွဲ့များ၏ ပါဝင်ဆောင်ရွက်မှု | ၂၇-၃၁ |
| ၁၇။ | UEHRD လုပ်ငန်းစဉ်များတွင် မိတ်ဆွေနိုင်ငံများပါဝင်ဆောင်ရွက်မှု | ၃၁-၃၂ |
| ၁၈။ | လုပ်ငန်းစဉ်(၃)၊ ဒေသဖွံ့ဖြိုးရေးနှင့် ရေရှည်ပဋိပက္ခကင်းဝေးရေး | ၃၃-၃၆ |
| ၁၉။ | Camp Closure Strategy အကောင်အထည်ဖော်မှုများတွင် ပါဝင်ဆောင်ရွက်မှု | ၃၆-၃၆ |

| | | |
|---|---|---|
| ၂၀။ | အာဆီယံနှင့်ပူးပေါင်းဆောင်ရွက်မှု | ၃၇-၃၉ |
| ၂၁။ | ပြန်လည်လက်ခံရေးအတွက် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မှု | ၃၉-၃၉ |
| ၂၂။ | UNDP ၊ UNHCR တို့နှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေ | ၄၀-၄၀ |
| ၂၃။ | COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ပါဝင်ဆောင်ရွက်မှု | ၄၀-၄၃ |
| ၂၄။ | UEHRD ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကျင်းပခြင်း | ၄၃-၄၃ |
| ၂၅။ | UEHRD၏ နှစ်ပတ်လည်အခမ်းအနားကျင်းပမှု | ၄၃-၄၅ |
| ၂၆။ | သုံးသပ်တင်ပြချက် | ၄၆-၄၇ |
| ၂၇။ | နိဂုံး | ၄၇-၄၈ |

**UEHRD ကော်မတီ၏**

**ဖွဲ့စည်းမှု၊ လုပ်ငန်းတာဝန်၊ ရန်ပုံငွေ**

**နိဒါန်း**

၁။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်ယူစဉ်ကာလကပင် ရခိုင်ပြည်နယ်၏ အခြေအနေများကို အခြေခံကျကျသိရှိပြီး ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် (၃၀-၅-၂၀၁၆) ရက်နေ့တွင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ အဖွဲ့ဝင်(၂၆) ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ဗဟိုကော်မတီ၏ လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သည့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းကော်မတီ၊ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီ၊ ဒေသတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီဟူသည့် လုပ်ငန်းကော်မတီ (၄)ခုကို ဖွဲ့စည်းပြီး ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ခဲ့ပါသည်။

၂။ တစ်ဖက်တွင်လည်း ရခိုင်ပြည်နယ်အတွင်း ကာလရှည်စွာ အမြစ်တွယ်နေသည့် အရေးကိစ္စများကို နိုင်ငံတကာအတွေ့အကြုံများအခြေခံပြီး ပြည်တွင်း ပကတိတည်ရှိနေမှုများအပေါ် လေ့လာကာ ဖြေရှင်းနိုင်မည့် ရေရှည်နည်းလမ်းကောင်းများကို ရှာဖွေဖော်ထုတ် အကြံပြုနိုင်ရန်အတွက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို မစ္စတာကိုဖီအာနန် ဦးဆောင်ပြီး ဘက်လိုက်မှုကင်းသည့် လူအများလေးစားသည့် အတွေ့အကြုံရင့်ကျက်သည့် ထင်ပေါ်ကျော်ကြားသည့် မြန်မာနိုင်ငံမှ ပညာရှင်(၆)ဦး ၊နိုင်ငံတကာပညာရှင်(၃)ဦးတို့ဖြင့် (၂၄-၈-၂၀၁၆)နေ့တွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်ဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ထို့အပြင် ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင်ကိုလည်း နိုင်ငံတော်သမ္မတရုံး၏(၁-၁၂-၂၀၁၆) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈၉/၂၀၁၆)ဖြင့် ထပ်မံဖွဲ့စည်းခဲ့ကာ ရခိုင်ပြည်နယ်ဖြစ်စဉ်များနှင့် ပတ်သက်၍ စိစစ်ဖော်ထုတ်မှုများ ဆောင်ရွက်ခဲ့ပါသည်။

၃။ အဆိုပါ မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်နှင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်တို့၏ အကြံပြုချက်များနှင့် စပ်လျဉ်း၍ မြေပြင်အခြေအနေပေါ်မူတည်ပြီး အကျိုးရှိမည့်

ကိစ္စရပ်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတ ရုံး၏ (၉-၁၀-၂၀၁၇)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈၃/၂၀၁၇)ဖြင့် "ရခိုင်ပြည်နယ်ဆိုင်ရာ အကြံ ပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ" ကို လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်တို့ကို ပူးတွဲဥက္ကဋ္ဌများအဖြစ်တာဝန်ပေးကာ ကော်မတီဝင်(၁၉)ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၄။ ထိုသို့ ကော်မတီများ ဖွဲ့စည်း၍ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး တို့အတွက် အားသွန်ကြိုးပမ်းဆောင်ရွက်နေစဉ်တွင်ပင် ၂၀၁၇ ခုနှစ် သြဂုတ်လအတွင်းက ARSA အကြမ်းဖက် အဖွဲ့အစည်းက ရခိုင်ပြည်နယ်အတွင်းရှိ ရဲစခန်း(၃၀)ကျော်ကို ဝင်ရောက်တိုက်ခိုက် ခဲ့မှုမှအစပြု၍ မောင်တောဒေသအတွင်းနေထိုင်ကြသည့် ဒေသခံရခိုင်တိုင်းရင်းသားများ၊ တိုင်းရင်း သားလူမျိုးစုငယ်များ၊ ဟိန္ဒူဘာသာဝင်များ၊ မွတ်စလင်ဘာသာဝင်များသည် ရခိုင်ပြည်နယ် အတွင်း အခြားဒေသများနှင့် တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြပါသည်။ ထိုသို့ တိမ်းရှောင်ခဲ့ကြရသူများကို လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ထိထိရောက်ရောက် ပေးအပ်ရေး၊ ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေး၊ ရေရှည်ဖွံ့ဖြိုးရေးနှင့်ရေရှည်ပဋိပက္ခ ကင်းဝေးစေရေးလုပ်ငန်းများထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်၏ပံ့ပိုးမှုများ အပြင် ပြည်တွင်း၊ပြည်ပအလှူရှင်များ၏ ကူညီထောက်ပံ့မှုများဖြင့် UEHRD ပြည်ထောင်စုစီမံကိန်း ကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

**UEHRD ကော်မတီဖွဲ့စည်းခြင်း**

၅။ UEHRDကော်မတီကို (၁၇-၁၀-၂၀၁၇)ရက်စွဲပါ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ် (၈၆/၂၀၁၇) ဖြင့် အောက်ပါပုဂ္ဂိုလ်များနှင့် စတင်ဖွဲ့စည်းခဲ့ပါသည်-

| | | |
|---|---|---|
| (က) | ဒေါ်အောင်ဆန်းစုကြည် | ဥက္ကဋ္ဌ |
| | နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် | |
| ( ခ ) | ဒေါက်တာဝင်းမြတ်အေး | ဒုတိယဥက္ကဋ္ဌ |
| | ပြည်ထောင်စုဝန်ကြီး | |
| | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် | |
| | ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | |
| ( ဂ ) | ဒေါက်တာအောင်ထွန်းသက် | ညှိနှိုင်းရေးမှူးချုပ် |
| (ဃ) | ဦးကျော်မြိုင် | သတင်းနှင့်ဆက်သွယ်ရေးဒါရိုက်တာ |

၆။ ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး၏ (၅-၆-၂၀၁၈)ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၁၈)ဖြင့် ဦးတိုးအောင်ကို ကော်မတီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ်အဖြစ် တာဝန်ပေးခဲ့ပါသည်။

၇။ UEHRD ကော်မတီ၏ လုပ်ငန်းတာဝန်များ၊ များပြားကျယ်ပြန့်လာသဖြင့် ပိုမိုထိရောက်စွာဖြင့် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်ရန် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၂၉) ရက်၊ ရက်စွဲပါ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၈၁/၂၀၁၈)ဖြင့် UEHRD ကော်မတီကို အောက်ပါအတိုင်း တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်-

| | | |
|---|---|---|
| (က) | ဒေါ်အောင်ဆန်းစုကြည် | ဥက္ကဋ္ဌ |
| | နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် | |
| ( ခ ) | ဒေါက်တာဝင်းမြတ်အေး | ဒုတိယဥက္ကဋ္ဌ(၁) |
| | ပြည်ထောင်စုဝန်ကြီး | |
| | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် | |
| | ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | |
| ( ဂ ) | ဦးခင်မောင်တင် | ဒုတိယဥက္ကဋ္ဌ(၂) |
| | ဒုတိယဝန်ကြီး | |
| | နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန | |
| (ဃ) | ဦးကျော်လင်း | အဖွဲ့ဝင် |
| | ဒုတိယဝန်ကြီး | |
| | ဆောက်လုပ်ရေးဝန်ကြီးဌာန | |
| ( ဃ ) | ဒေါက်တာအောင်ထွန်းသက် | အဖွဲ့ဝင် |
| | ညှိနှိုင်းရေးမှူးချုပ် | |
| | UEHRD | |
| ( စ ) | ဦးတိုးအောင် | အဖွဲ့ဝင် |
| | UEHRD ကော်မတီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် | |
| (ဆ) | ဦးကျော်မြိုင် | အဖွဲ့ဝင် |
| | သတင်းနှင့်ဆက်သွယ်ရေးဒါရိုက်တာ | |
| | UEHRD | |

( ဇ) ဦးစိုးအောင် အတွင်းရေးမှူး
ဒုတိယဝန်ကြီး
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

( ဈ) ဦးဇော်သန်းသင်း တွဲဖက်အတွင်းရေးမှူး
အမြဲတမ်းအတွင်းဝန်
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

၈။ ထို့အပြင် နိုင်ငံတော်သမ္မတရုံး၏ (၁၁-၄-၂၀၁၉) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၉) ဖြင့် ဦးညီငြိမ်းအေးအား UEHRD ကော်မတီဝင်၊ စီမံခန့်ခွဲမှုအရာရှိချုပ်အဖြစ် ဖြည့်စွက်ဖွဲ့စည်းခဲ့ရာ အဖွဲ့ဝင်စုစုပေါင်း(၁၀)ဦးဖြင့် UEHRD ကော်မတီ၏ လုပ်ငန်းရပ်များကို ဆောင်ရွက်လျက်ရှိပါသည်။

**လုပ်ငန်းတာဝန်များ**

၉။ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ထိထိရောက်ရောက်ပေးအပ်ရေး ဆောင်ရွက်ရန်၊

( ခ ) ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး ကိစ္စများအတွက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်၊

( ဂ) ဒေသဖွံ့ဖြိုးရေးနှင့် ရေရှည်ပဋိပက္ခ ကင်းဝေးရေး ဆောင်ရွက်ရန်၊

(ဃ) ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ပံ့ပိုးမှုအပြင် ပြည်တွင်း/ပြည်ပ အလှူရှင်များ၏ ကူညီထောက်ပံ့ငွေများဖြင့် ဆောင်ရွက်မည်ဖြစ်သဖြင့် ကော်မတီ၏ ဘဏ္ဍာရေးကိစ္စကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုအပြင် နိုင်ငံတကာစာရင်းစစ်ကုမ္ပဏီတစ်ခုကိုလည်း ငှားရမ်း၍ အစစ်ဆေးခံနိုင်ရေး ဆောင်ရွက်ရန်၊

**လုပ်ငန်းစဉ်များ**

၁၀။ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)ကော်မတီသည် ရခိုင်ပြည်နယ်တွင်အောက်ဖော်ပြပါအဓိကလုပ်ငန်းစဉ်ကြီး(၃)ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်-

(က) လုပ်ငန်းစဉ် (၁) လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထိထိရောက်ရောက်ပေးအပ်ရေးနှင့်ဒုက္ခသည်များပြန်လည်လက်ခံရေး

(ခ) လုပ်ငန်းစဉ် (၂) ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး

(ဂ) လုပ်ငန်းစဉ် (၃) ဒေသဖွံ့ဖြိုးရေးနှင့် ရေရှည်ပဋိပက္ခကင်းဝေးရေး

**လုပ်ငန်းအဖွဲ့များဖွဲ့စည်းမှု**

၁၁။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သော UEHRD စီမံကိန်းသည် အစိုးရနှင့်အတူ ပုဂ္ဂလိက စီးပွားရေးအသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပြည်သူများပါဝင်သည့် ပြည်ထောင်စုစီမံကိန်းဖြစ်ရာ ပုဂ္ဂလိက ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၊ ပညာရှင်များ ပါဝင်သည့် အောက်ဖော်ပြပါလုပ်ငန်းအဖွဲ့ (Task Force)(၁၀)ဖွဲ့ကို ဖွဲ့စည်း၍ မြန်မာနိုင်ငံစက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (Union of Myanmar Federation of Chambers of Commerce and Industry – UMFCCI) နှင့်ပူးပေါင်းပြီး Task Force တစ်ခုချင်းစီအလိုက် သက်ဆိုင်ရာလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်-

(က) ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းအဖွဲ့

(ခ) စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းအဖွဲ့

(ဂ) စီးပွားရေးဇုန်များဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့

(ဃ) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းအဖွဲ့

(င) အလုပ်အကိုင်ဖန်တီးရေးနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ စီစဉ်ဖွင့်လှစ်ရေးလုပ်ငန်းအဖွဲ့

(စ) ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအဖွဲ့

(ဆ) အသေးစားလုပ်ငန်းများ ချေးငွေရရှိရေးလုပ်ငန်းအဖွဲ့

(ဇ) ဘဏ္ဍာငွေစုဆောင်းရေးလုပ်ငန်းအဖွဲ့

(ဈ) ခရီးသွားလုပ်ငန်းကဏ္ဍမြှင့်တင်ရေးလုပ်ငန်းအဖွဲ့

(ည) နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းအဖွဲ့

**ငွေစာရင်းများဖွင့်လှစ်ထားရှိမှု**

၁၂။ UEHRD ကော်မတီ၏လုပ်ငန်းရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်တွင်း ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်ကြီးများက ကမကထပြု၍ အလှူငွေများ ထည့်ဝင်လှူဒါန်းခဲ့ကြပါသည်။ ထိုလှူဒါန်းငွေများအပြင် ပြည်တွင်း/ ပြည်ပရှိ မြန်မာနိုင်ငံသားများ၊ အဖွဲ့အစည်းများ၊ မိတ်ဆွေနိုင်ငံများကပါ စေတနာအလျောက် ထည့်ဝင်လှူဒါန်းခဲ့ကြရာ အလွယ်တကူ လက်လှမ်းမီလှူဒါန်းနိုင်ရန်၊ ငွေလွှဲခစရိတ်များ လျော့နည်းသက်သာစေရန်၊ မလိုလားအပ်သော ငွေကြေးဆိုင်ရာ ကိစ္စရပ်များလျှော့ချနိုင်ရန်နှင့် သုံးစွဲမှုများတွင် ဘဏ်အချင်းချင်းချိတ်ဆက်လွှဲပြောင်းခြင်းဖြင့် ငွေသားထုတ်ယူသုံးစွဲမှုလျော့နည်းစေရန်တို့အတွက် ကမ္ဘောဇဘဏ်၊ CB ဘဏ်၊ ဧရာဝတီဘဏ် (AYA ဘဏ်) နှင့် မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)တို့တွင် မြန်မာငွေနှင့် နိုင်ငံခြားငွေစာရင်းများကို အောက်ပါအတိုင်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်-

| စဉ် | ဘဏ်အမည် | မြန်မာကျပ်ငွေစာရင်း | နိုင်ငံခြားငွေစာရင်း |
|---|---|---|---|
| (က) | ကမ္ဘောဇဘဏ် | 034 103 034 017 85901 | 206 109 206 015 42701 |
| ( ခ) | ဧရာဝတီဘဏ် | 000 110 501 002 2168 | 000 110 503 000 0135 |
| ( ဂ) | CBဘဏ် | 009 310 040 000 0183 | 009 310 120 000 1007 |
| (ဃ) | မြန်မာ့စီးပွားရေးဘဏ် | CF 003638 | EDU-400001 |

၁၃။ ငွေထုတ်ခြင်း၊ လွှဲပြောင်းခြင်း၊ ဘဏ်နှင့်ဆက်စပ်ဆောင်ရွက်ရသော ဆက်သွယ်မှုစာများ ပေးပို့ခြင်းတို့ကို ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက် (သို့မဟုတ်) ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး ဒါရိုက်တာ ဦးကျော်မြိုင်တို့ (၂)ဦး ပူးတွဲ လက်မှတ်ရေးထိုး၍ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ခဲ့ပါသည်။

၁၄။ ၂၀၁၉ ခုနှစ်၊ နှောင်းပိုင်းကာလမှ စတင်ကူးစက်ပြန့်နှံ့ ဖြစ်ပွားလာသော COVID-19 ရောဂါကြောင့် ကူးသန်းသွားလာမှုဆိုင်ရာ အကန့်အသတ်များ ဖြစ်ပေါ်လာသည့်အတွက် လုပ်ငန်းများ ပိုမိုမြန်ဆန်လွယ်ကူစွာ ဆောင်ရွက်နိုင်ရန် ငွေသွင်းငွေထုတ်ခြင်းကို UEHRD ဒုတိယဥက္ကဋ္ဌ(၁)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ

ဝင်းမြတ်အေးနှင့် UEHRD ဒုတိယဥက္ကဋ္ဌ(၂) နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်တင်တို့၏ ပူးတွဲလက်မှတ်ရေးထိုးမှုဖြင့် ပြောင်းလဲဆောင်ရွက်လျက်ရှိပါသည်။

၁၅။ UEHRD အလှူငွေလက်ခံမှု၊ ထိန်းသိမ်းမှု၊ သုံးစွဲမှုတို့ကို နိုင်ငံတော်၏ ဘဏ္ဍာရေးစည်းမျဉ်းအပြင် သီးသန့်ရေးဆွဲထားသော UEHRD ကော်မတီ ဘဏ္ဍာရေးစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် UEHRD လုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုများ ပိုမို စနစ်တကျ၊ ချိတ်ဆက်ဆောင်ရွက်နိုင်ရန်နှင့် လုပ်ငန်းတာဝန် သတ်မှတ်ချက်ပါအတိုင်း UEHRD ငွေစာရင်းများကို လိုအပ်ပါက နိုင်ငံတကာစာရင်းစစ်အဖွဲ့၏ စစ်ဆေးမှုခံယူနိုင်ရန်အတွက် ကော်မတီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ်၊ ညှိနှိုင်းရေးမှူးချုပ်၊ သတင်းနှင့် ဆက်သွယ်ရေးဒါရိုက်တာတို့၏ အကြံပြုကြိုးကြပ်လမ်းညွှန်မှုဖြင့် စီမံခန့်ခွဲမှုအရာရှိချုပ်က ဦးဆောင်ကာ စီမံချက်မန်နေဂျာ(Program Manager)၊ ၊ ဘဏ္ဍာရေးအကြံပေး (Financial Consultant)တို့ ကို Inkind Donation ဖြင့် ခန့်အပ်မှုနှင့်အတူ UEHRD(ရန်ကုန်ရုံးခွဲ)ကို ဖွဲ့စည်း၍ ပြည်တွင်း/ ပြည်ပ အကူအညီအထောက်အပံ့များ ရရှိရေး၊ လုပ်ငန်းအဖွဲ့များ(Task Forces) ၏လုပ်ငန်းများလည်ပတ်ဆောင်ရွက်နိုင်ရေး၊ နိုင်ငံတကာစာရင်းအင်း ထားသိမှုနည်းစနစ်များနှင့် ညီညွတ်သော ငွေစာရင်းများ ပြုစုရေးတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

**UEHRD ရန်ပုံငွေ ရရှိ၊ သုံးစွဲ၊ လက်ကျန်အခြေအနေ**

၁၆။ UEHRD မြန်မာကျပ်ငွေစာရင်းများ၏ (၁-၁-၂၀၁၉)နေ့မှ (၃၀-၉-၂၀၂၀)နေ့အထိ ဘဏ်စာရင်းအရ ရရှိ၊ သုံးစွဲ၊ လက်ကျန် အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) စာရင်းဖွင့်လက်ကျန် - ၁,၄၃၉,၀၈၀,၈၇၉.၃၇

( ခ ) ရရှိမှု(ကျပ်) - ၄,၀၇၁,၉၄၈,၇၀၆.၆၈

( ဂ ) သုံးစွဲမှု(ကျပ်) - ၄,၇၉၈,၀၅၇,၆၄၃.၅၉

(ဃ) လက်ကျန်(ကျပ်) - ၇၁၂,၉၇၁,၉၄၂ .၄၆

၁၇။ UEHRD နိုင်ငံခြားငွေစာရင်းများ၏ (၁-၁-၂၀၁၉)နေ့မှ (၃၀-၉-၂၀၂၀)နေ့အထိ ဘဏ်စာရင်းအရ ရရှိ၊ သုံးစွဲ၊ လက်ကျန်အခြေအနေမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(က) စာရင်းဖွင့်လက်ကျန် - ၁၁,၆၈၆.၃၈

( ခ ) ရရှိမှု(USD) - ၅၈၇,၄၈၄.၀၄

( ဂ ) သုံးစွဲမှု(USD) - ၃၄၅,၃၂၀.၀၃

(ဃ) လက်ကျန်(USD) - ၂၅၃,၈၅၀.၃၉

၁၈။ (၁-၁-၂၀၁၉)မှ (၃၀-၉-၂၀၂၀)နေ့အထိ ကာလအတွင်း UEHRD ရံပုံငွေတွင် လက်ခံရရှိမှုငွေကျပ်(၄,၀၇၁,၉၄၈,၇၀၆.၆၈)ကို အောက်ပါအတိုင်း ခွဲခြားဖော်ပြအပ်ပါသည်-

(က) အများပြည်သူလှူဒါန်းငွေ - ၆,၄၉၉,၅၀၉.၆၈ ကျပ်

( ခ ) ကတိကဝတ်ပြုအလှူရှင်များက လှူဒါန်းငွေ - ၁,၂၉၉,၃၄၉,၀၀၀.၀၀ ကျပ်

( ဂ ) ခေတ္တဖြည့်တင်းပေးငွေ(ငြိမ်းချမ်းရေးရန်ပုံငွေ) - ၂,၀၀၀,၀၀၀,၀၀၀.၀၀ ကျပ်

( ဃ) နိုင်ငံခြားငွေမှ လဲလှယ်ဖြည့်တင်းခြင်း - ၄၅၅,၇၀၀,၀၀၀.၀၀ ကျပ်

( င ) ဒဏ်ကြေးရငွေ - ၂,၄၉၄,၁၇၀.၀၀ ကျပ်

( စ ) တင်ဒါပိုငွေနှင့်လုပ်ငန်းပိုလျှံငွေပြန်လည်အပ်နှံခြင်း - ၂၁၂,၉၁၆,၈၉၂.၀၀ ကျပ်

၂၀၁၈ ခုနှစ် ထုတ်ပေးမှုများမှ -ကျပ်(၁၁၆,၇၂၇,၆၇၇)

၂၀၁၉ နှင့် ၂၀၂၀ ခုနှစ်များထုတ်ပေးမှုမှ-ကျပ်(၉၆,၁၈၉,၂၁၅)

( ဆ) ဘဏ်တိုးရငွေ - ၉၄,၉၈၉,၁၃၅.၀၀ ကျပ်

၁၉။ (၁-၁-၂၀၁၉)မှ(၃၀-၉-၂၀၂၀)နေ့အထိ ကာလအတွင်း ဘဏ်စာရင်းအရသုံးစွဲငွေ စုစုပေါင်းငွေကျပ် (၄,၇၉၈,၀၅၇,၆၄၃.၅၉) ရှိပါသည်။ သုံးစွဲငွေဖော်ပြမှုတွင် အစီရင်ခံသည့်ကာလအတွင်း ထုတ်ပေးခဲ့သည့် အသုံးစရိတ်များအနက် တင်ဒါပိုလျှံငွေ၊ လုပ်ငန်းဆောင်ရွက်မှုမှ ပိုလျှံငွေများကို ပြန်လည်အပ်နှံမှုများရှိခဲ့ရာ (၁-၁-၂၀၁၉)မှ (၃၀-၉-၂၀၂၀)ထိကာလအတွင်း ထုတ်ပေးငွေမှ ပြန်လည်အပ်နှံငွေကျပ် (၉၆,၁၈၉,၂၁၅)ကို နှုတ်ပယ်ပါက အသားတင်သုံးငွေ (၄,၇၀၁,၈၆၈,၄၂၈.၅၉) ကျပ်ဖြစ်ပါသည်။ အဆိုပါအသားတင်သုံးစွဲငွေတွင်ဧဒင်ဆောက်လုပ်ရေးကုမ္ပဏီကစိုက်ထုတ် ဆောင်ရွက်ခဲ့သော ငါးခူရပြန်လက်ခံရေးစခန်းတည်ဆောက်မှုကုန်ကျစရိတ် (၁.၃၄၄၉) ဘီလီယံအနက်ငွေကျပ် (၁)ဘီလီယံကို ပြန်လည်ပေးချေမှု အပါအဝင်ဖြစ်ပါသည်။ ကျန်(၀.၃၄၄၉) ဘီလီယံကို ဧဒင်ဆောက်လုပ်ရေးကုမ္ပဏီ၏ လှူဒါန်းမှုအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ UEHRD ရံပုံငွေဖြင့် ရခိုင်ပြည်နယ်အတွင်း လုပ်ငန်းကဏ္ဍအလိုက်၊ ဌာန/အဖွဲ့အစည်းအလိုက် သုံးစွဲဆောင်ရွက်ခဲ့မှုများကို အောက်ပါဇယားများ၊ ပုံပြဂရပ်များဖြင့် ဖော်ပြအပ်ပါသည်-

**လုပ်ငန်းကဏ္ဍအလိုက်သုံးစွဲဆောင်ရွက်မှု**

| စဉ် | အကြောင်းအရာ | သုံးစွဲငွေ(ကျပ်) | သုံးစွဲငွေ (ကျပ်သန်း) |
|---|---|---|---|
| ၁ | အခြေခံအဆောက်အဦများ | ၄,၃၁၉,၆၃၄,၃၉၇.၀၀ | ၄၃၁၉.၆၃ |
| ၂ | လျှပ်စစ် | ၅၄,၁၈၃,၅၀၀.၀၀ | ၅၄.၁၈ |
| ၃ | ရေ/ရေတွင်း | ၇၉,၂၀၀,၀၀၀.၀၀ | ၇၉.၂၀ |

| စဉ် | အကြောင်းအရာ | သုံးစွဲငွေ(ကျပ်) | သုံးစွဲငွေ (ကျပ်သန်း) |
|---|---|---|---|
| ၄ | စက်သုံးဆီ | ၃၆,၀၁၂,၄၀၀.၀၀ | ၃၆.၀၁ |
| ၅ | လမ်းတံတား | ၅၀,၇၀၀,၀၀၀.၀၀ | ၅၀.၇၀ |
| ၆ | လုံခြုံရေးပစ္စည်း/လုပ်ငန်းသုံး/စက်ကိရိယာ | ၇၇,၀၇၆,၈၀၀.၀၀ | ၇၇.၀၈ |
| ၇ | ကြိုတင်ငွေ | ၈,၇၃၈,၆၀၀.၀၀ | ၈.၇၄ |
| ၈ | စီမံအုပ်ချုပ်မှုဆိုင်ရာအသုံးစရိတ်<br>CITF ၏ Supervision expense ကျပ် (၂၆,၁၀၈,၁၂၁)<br>ရန်ကုန်ရုံးခွဲ၏ ရုံးလုပ်ငန်းသုံးစရိတ် ကျပ် (၄၁,၁၈၀,၄၇၄)<br>နေပြည်တော်ရုံးခွဲ ရုံးလုပ်ငန်းသုံးစရိတ် ကျပ်(၇,၀၄၇,၁၂၄) | ၁၄,၃၃၅,၀၀၀.၀၀ | ၁၄.၃၅ |
| ၉ | ခရီးစရိတ် | ၁၅၈,၀၀၀.၀၀ | ၀.၁၆ |
| ၁၀ | ငွေလွှဲခ | ၁,၈၂၉,၀၁၂.၅၉ | ၁.၈၃ |
| | **စုစုပေါင်း** | **၄,၇၀၁,၈၆၈,၄၂၈.၅၉** | **၄၇၀၁.၈၇** |



# ဌာနအဖွဲ့အစည်းအလိုက်သုံးစွဲဆောင်ရွက်မှု

| စဉ် | ဌာနအဖွဲ့အစည်း | သုံးစွဲငွေ | သုံးစွဲငွေ(ကျပ်သန်း) |
|---|---|---|---|
| ၁ | CITF | ၅၇၂,၂၈၀,၃၅၁.၀၀ | ၅၇၂.၂၈ |
| ၂ | ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | ၂,၇၇၂,၄၀၃,၆၆၇.၀၀ | ၂၇၇၂.၄၀ |
| ၃ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၂၉၉,၆၆၉,၀၀၀.၀၀ | ၂၉၉.၆၇ |
| ၄ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ၇,၃၀၀,၈၀၀.၀၀ | ၇.၃၀ |
| ၅ | ဒေဒ်အုပ်စုကုမ္ပဏီ | ၁,၀၀၀,၀၀၀,၀၀၀.၀၀ | ၁၀၀၀.၀၀ |
| ၆ | UEHRD ကော်မတီရုံး<br>UEHRD(ရန်ကုန်) ၄၁,၁၈၀,၄၇၄.၀၀<br>UEHRD(နေပြည်တော်) ၇,၀၄၇,၁၂၄.၀၀<br>ခရီးစရိတ် ၁၅၈,၀၀၀.၀၀<br>ငွေလွှဲခ ၁,၈၂၉,၀၁၂.၅၉ | ၅၀,၂၁၄,၆၁၀.၅၉ | ၅၀.၂၁ |
| | **စုစုပေါင်း** | **၄,၇၀၁,၈၆၈,၄၂၈.၅၉** | **၄၇၀၁.၈၇** |



၂၀။ ၃၀-၉-၂၀၂၀ ရက်နေ့အထိ ငွေကျပ်(၄၂၂၅၀၈၄၄၀/-)တန်ဖိုးရှိ ပစ္စည်း၊ လုပ်အား၊ ဝန်ဆောင်မှုအလှူ(In-Kind Donation) ကို ပြည်တွင်း/ ပြည်ပ စေတနာရှင်များက ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD)သို့ လှူဒါန်းခဲ့ပါသည်။ UEHRDကော်မတီ၏ ဘဏ္ဍာရေးဆိုင်ရာ စာရင်းရှင်းတမ်းများအား ပြက္ခဒိန်နှစ်ကို အခြေခံ၍ (၁-၁-၂၀၁၉)နေ့မှ (၃၁-၁၂-၂၀၁၉)နေ့အထိ လည်းကောင်း၊ (၁-၁-၂၀၂၀)မှ(၃၀-၉-၂၀၂၀)နေ့အထိလည်းကောင်း ကာလခွဲခြား၍ နိုင်ငံတကာစာရင်းအင်း ထားသိုမှုစနစ်များအတိုင်း နိုင်ငံတကာစာရင်းစစ်အဖွဲ့၏ စစ်ဆေးမှုခံယူနိုင်ရန် ပြုစုထားရှိပါသည်။

## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏စစ်ဆေးမှုခံယူခြင်း

၂၁။ UEHRD ကော်မတီ၏ (၂၄-၁၀-၂၀၁၇)မှ (၃၁-၁၂-၂၀၁၈)နေ့အထိ အလှူငွေများရရှိ/သုံးစွဲမှုနှင့် လုပ်ငန်းဆောင်ရွက်မှုများကို (၁၅-၅-၂၀၁၉)နေ့မှ (၂၄-၅-၂၀၁၉)ထိလည်းကောင်း၊ (၁-၁-၂၀၁၉)မှ (၃၁-၁၂-၂၀၁၉)နေ့အထိ ငွေကြေးသုံးစွဲမှုနှင့် လုပ်ငန်းဆောင်ရွက်မှုများကို (၁၆-၆-၂၀၂၀)နေ့မှ (၂၉-၆-၂၀၂၀)နေ့အထိလည်းကောင်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက UEHRD အတွင်းရေးမှူးရုံးအဖွဲ့တည်ရှိရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၃)နှင့် ရခိုင်ပြည်နယ်အတွင်း လုပ်ငန်းဆောင်ရွက်သည့် နေရာဒေသများတို့တွင် စစ်ဆေးမှုများဆောင်ရွက်ခဲ့ပါသည်။ ဒေသခံဆောက်လုပ်ရေးအဖွဲ့များက ဆောက်လုပ်ပြီး CITF က ကြီးကြပ်ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်း (၂၁)ခုကိုလည်း ရခိုင်ပြည်နယ်အစိုးရထံ စနစ်တကျလွှဲပြောင်းအပ်နှံဆောင်ရွက်ခဲ့ပါသည်။

## လုပ်ငန်းစဉ်(၁)

## လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထိထိရောက်ရောက် ပေးအပ်ရေးနှင့် ဒုက္ခသည်များ ပြန်လည်လက်ခံရေး

### လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ဆောင်ရွက်ချက်များ

၂၂။ နိုင်ငံတော်အစိုးရ၏ ထောက်ပံ့မှုများ၊ ပြည်တွင်းပြည်ပမှ စေတနာရှင်များ၊ အဖွဲ့အစည်းများ၊ မိတ်ဆွေနိုင်ငံများ၏ ထောက်ပံ့ကူညီမှုများဖြင့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှုအကူအညီများကို ဆောင်ရွက်ပေးလျက်ရှိရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် အစီရင်ခံသည့်ကာလအတွင်း မိမိအစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်လာသူဦးရေ (၅၂၁)ဦးအတွက် ငွေကျပ် (၉၅၅၇၀၉၉.၉၉/-)တန်ဖိုးရှိ ဆန် (၄၁၄၄)ပြည်၊ ကုလားပဲ (၇၇၇)ပိသာ၊ ဆီ (၃၁၀.၈) ပိသာနှင့် ဆား (၁၂၉.၅)ပိသာ၊ ပြန်လည်ဝင်ရောက်ချိန်တွင် စားနပ်ရိက္ခာဖိုးထောက်ပံ့မှုငွေကျပ် (၆,၂၈၂,၀၀၀/-)နှင့် (၄,၆၄၅,၄၅၀/-) တန်ဖိုးရှိ အသုံးအဆောင်ပစ္စည်းများ(တီရှပ်အင်္ကျီ၊ ကျားလုံချည်/မလုံချည်၊ စောင်၊ ဆပ်ပြာ)တို့ကို ထောက်ပံ့ပေးခဲ့ပါသည်။

၂၃။ တိုက်ပွဲရှောင်နေရပ်စွန့်ခွာသူများအား ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလမှစ၍ (၃၀-၉-၂၀၂၀)နေ့အထိ အိမ်ထောင်စု (၈၆၅၅၆)စု၊ လူဦးရေ (၃၅၃၄၄၇)ဦးအတွက် ကျပ်သန်း (၄၇၈၅.၉၃၃၂၃၇) တန်ဖိုးရှိ စားနပ်ရိက္ခာ၊ ကယ်ဆယ်ရေးပစ္စည်းနှင့် ထောက်ပံ့ကြေးငွေများအား ပံ့ပိုးပေးခဲ့ပြီး နေရပ်စွန့်ခွာသူများ ယာယီခိုလှုံရာစုရပ်သို့ ရောက်ရှိလာပါက ဆန်ရိက္ခာ(၂)ပတ်စာ ကနဦးထောက်ပံ့ပြီး (၂)ပတ်ပြည့်မြောက်ချိန်မှစ၍ ထပ်မံ၍ ဆန်ရိက္ခာ(၁)လစာအား တင်ပြခွင့်ပြုချက် ရယူထောက်ပံ့လျက်ရှိပါသည်။

**တိုက်ပွဲရှောင်စခန်းများအတွက် လူသားချင်းစာနာမှုဆိုင်ရာအကူအညီများထောက်ပံ့ပစ္စည်းများပေးအပ်ခြင်း**

**တိုက်ပွဲရှောင်စခန်းများအတွက် လူသားချင်းစာနာမှုဆိုင်ရာအကူအညီများထောက်ပံ့ပစ္စည်းများပေးအပ်ခြင်း**

၂၄။ လူမှုကာကွယ်စောင့်ရှောက်ရေးအနေဖြင့် အစီရင်ခံသည့် ကာလအတွင်း ရခိုင်ပြည်နယ် အတွင်းရှိ မြို့နယ် (၁၇)မြို့နယ်မှ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်(၂)နှစ်အောက် ကလေးသူငယ် စုစုပေါင်း (၁၃၂၄၀၀)ဦးအတွက် ငွေကျပ် (၄၀၁၅၆.၃၉၅)သန်း၊ အသက် (၈၅)နှစ်နှင့်အထက် ဘိုးဘွား (၄၃၆၇၇)ဦးအတွက် ထောက်ပံ့ငွေ (၂၁၄၂.၆၀) သန်းအား ထောက်ပံ့ပေးခဲ့ပါသည်။ ရခိုင်ပြည်နယ် အတွင်း မသန်စွမ်းသူများအား ထောက်ပံ့ခြင်းလုပ်ငန်း One Time Grant အနေဖြင့် မသန်စွမ်းဦးရေ (၉၇၅၆)ဦးအတွက် ထောက်ပံ့ငွေစုစုပေါင်း (၂၉၂.၆၈၀)သန်းအားထောက်ပံ့ပေးခဲ့ပါသည်။ ကလေးပျော်နေရာ ထပ်တိုးအနေဖြင့် မင်းပြားမြို့နယ်တွင်(၁)ခု၊ မြေပုံမြို့နယ်တွင်(၂)ခု၊ ကျောက်တော်မြို့နယ်တွင် (၁)ခု၊ အမ်းမြို့နယ်တွင် (၂)ခု စုစုပေါင်း (၆)ခုအတွက် ငွေကျပ်(၉)သန်း ထောက်ပံ့ပေးခဲ့ပါသည်။ လှုဖိုးခေါင်ကြားစခန်းတွင် ပြန်လည်ဝင်ရောက်လာသူများအတွက် ကြောင့်ကြမှုများကို ဖြေလျော့ပေးနိုင်ရန် စိတ်လူမှုဆက်ဆံရေးအဖွဲ့ (Psycho-Social support team- PSS) (၂)ဖွဲ့ ဖွဲ့စည်းထားရှိဆောင်ရွက်ခဲ့ခြင်း၊ ကလေးသူငယ်များအတွက် ကလေးပျော်နေရာ(Child Friendly Space-CFS) ဖွင့်လှစ်ပေးခြင်း၊ အမျိုးသမီးများအတွက် အမျိုးသမီးများနားခိုရာနေရာ (Women Friendly Space-WFS) တို့ကို ဖွင့်လှစ်ဆောင်ရွက်ထားရှိခဲ့ပါသည်။

ရခိုင်ပြည်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များအားငွေကြေးထောက်ပံ့ပေးခြင်း

အသက်(၈၅)နှစ်အထက် ဘိုးဘွားများအား လစဉ်လူမှုရေးပင်စင် ထောက်ပံ့ပေးခြင်း

**ကလေးပျော်နေရာ (Child Friendly Space–CFS)အတွက် ထောက်ပံ့ခြင်း**

**ကြက်ခြေနီလှုပ်ရှားမှုအဖွဲ့ (Red Cross Movement)၏ ထောက်ပံ့ဆောင်ရွက်မှုများ**

၂၅။ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်ရာတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း (MRCS)၊ နိုင်ငံတကာကြက်ခြေနီနှင့် လခြမ်းနီအသင်း (ICRC)၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့(IFRC)တို့ပူးပေါင်း၍ ကြက်ခြေနီလှုပ်ရှားမှုအဖွဲ့ (Red Cross Movement) ဖြင့် ဆောင်ရွက်လျှက်ရှိရာ (၁-၁-၂၀၁၉)မှ (၃၀-၉-၂၀၂၀)နေ့အထိ ကာလအတွင်း အိမ်ထောင်စု (၁၃၆၆၇၉)သို့ ငွေသား(၁၄,၈၀၅,၀၀၀)ကျပ် ထောက်ပံ့ခြင်း၊ အိမ်ထောင်စု (၇၉၂၃၈) သို့ စားနပ်ရိက္ခာဖြန့်ဝေခြင်းနှင့် အိမ်ထောင်စု (၃၁၆၆)သို့ အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်း များ ဆောင်ရွက်ပေးခြင်း၊ အိမ်ထောင်စု (၃၇၈၇၄)သို့ စားနပ်ရိက္ခာနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး ပစ္စည်းများ ဖြန့်ဝေခြင်း၊ အိမ်ထောင်စု (၆၄၂၀)သို့ အရေးပေါ်ကူညီမှုပြုပေးခြင်း၊ အိမ်ထောင်စု (၂၉၉၀၄)သို့ မျိုးစပါး၊ ဆပ်ပြာဖြန့်ဝေပေးခြင်းနှင့် ရေအရင်းအမြစ်ရှာဖွေခြင်း၊ ရေတွင်းရေကန် ပြုပြင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

**အိမ်ထောင်စုများသို့ ကြက်ခြေနီလှုပ်ရှားမှုအဖွဲ့ (Red Cross Movement) က စားနပ်ရိက္ခာနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးပစ္စည်းများ ဖြန့်ဝေခြင်း**

**ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(World Food Program–WFP)၏ထောက်ပံ့ဆောင်ရွက်မှု**

၂၆။ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (World Food Program–WFP)ကလည်း ပါဝင်ထောက်ပံ့လျက်ရှိရာ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလအထိ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်း (၁၀)မြို့နယ်တွင် လူဦးရေ (၂၄၆၃၂၈)ဦးအတွက် စားနပ်ရိက္ခာ (ဆန်၊ ဆီ၊ ဆား၊ ပဲ)နှင့် ဖြည့်စွက်အာဟာရစုစုပေါင်း (၄၀၉၄.၂၆၂) မက်ထရစ်တန် ထောက်ပံ့ခဲ့ပါသည်။

**UEHRD လူငယ်အစီအစဉ်**

၂၇။ UEHRD ၏ လူသားချင်းစာနာထောက်ထားမှုအစီအစဉ်တွင် နိုင်ငံအဝှမ်းက လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံမှ လူငယ်များစုဖွဲ့၍ UEHRD လူငယ်အစီအစဉ်အဖြစ် စားနပ်ရိက္ခာထောက်ပံ့မှုများကို ၂၀၁၈ ခုနှစ်ကာလအတွင်း ဆောင်ရွက်နိုင်ခဲ့သော်လည်း ၂၀၁၉ ခုနှစ်အတွင်း ဒေသတွင်း မတည်ငြိမ်မှုများ၊ လုံခြုံရေးကန့်သတ်ချက်များ ပေါ်ပေါက်လာသည့်အပြင် COVID–19 ရောဂါကူးစက်ပြန့်ပွားမှုများကြုံတွေ့ရသဖြင့် UEHRD လူငယ်အစီအစဉ်ဖြင့် စားနပ်ရိက္ခာထောက်ပံ့မှုများ ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါ။

## နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးအတွက် ကော်မတီများ ဖွဲ့စည်းခြင်း

၂၈။ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကိစ္စရပ်များကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကို ဥက္ကဋ္ဌအဖြစ်တာဝန်ပေး၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အမြဲတမ်းအတွင်းဝန်က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည့် **နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး ကော်မတီ** ကိုလည်းကောင်း၊ ကော်မတီအောက်တွင် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည် နေရာချထားရေးလုပ်ငန်းကဏ္ဍ (၂)ရပ်ကို သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် **နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းကော်မတီ**နှင့် **နေရပ်စွန့်ခွာသူများ ပြန်လည် နေရာချထားရေး လုပ်ငန်းကော်မတီ** တို့ကိုလည်းကောင်း ဖွဲ့စည်း တာဝန်ပေးအပ်ထားမှုနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။ အစီရင်ခံသည့်ကာလအတွင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပ၍လည်းကောင်း၊ ရခိုင်ပြည်နယ်သို့ ကွင်းဆင်းသွားရောက်၍လည်းကောင်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လက်ခံရေး၊ စိစစ်ရေး၊ ထောက်ပံ့ရေး၊ ပို့ဆောင်ရေး၊ ယာယီ နေရာချထားရေး စသည့် ကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်-

(က) တောင်ပြိုလက်ဝဲနှင့် ငါးခူရ လက်ခံရေးစခန်းများတွင် စိစစ်လက်ခံရန်၊ ခေတ္တ နေထိုင်ရန် မရှိမဖြစ်လိုအပ်သော အခြေခံအဆောက်အဦများကို ၂၀၁၈ ခုနှစ် ကတည်းက ဆောင်ရွက်ခဲ့ပြီးဖြစ်သော်လည်း အစီရင်ခံသည့် ကာလအတွင်း စီမံအုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်များဖြစ်သည့် တောင်ပြိုလက်ဝဲစခန်းတွင် ဝန်ထမ်းများ နေထိုင် တာဝန်ထမ်းဆောင်ရန် အိပ်ဆောင် (၃)လုံး၊ ယာဉ်ရပ်နားစခန်း (၁)ခု၊ သောက်သုံးရေပိုမိုလုံလောက်စေရန် ရေတွင်း/ ရေကန် (၁)ခုတို့ကိုလည်းကောင်း၊ ငါးခူရစခန်းတွင် ဆိပ်ခံသစ်သားတံတား (၁)စင်း၊ သံဖရိုန် မြောင်းကူးတံတားငယ် (၅၁)ခု၊ စခန်းတွင်းဝန်ထမ်းနေအိမ်များပြုပြင်ခြင်း၊ ယာဉ်ရပ်နားစခန်းနှင့် အဝင် လမ်း ကျောက်ချောလမ်းဆောင်ရွက်ခြင်းတို့ကိုလည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။

တရုတ်နိုင်ငံမှ လှူဒါန်းသည့် စီနိုထရပ် မော်တော်ယာဉ်များ

( ခ ) လက်ခံရေးစခန်း (၂)ခုမှ ယာယီနေထိုင်ရန် တည်ဆောက်ထားသည့် လှဖိုးခေါင်စခန်းသို့ ပို့ဆောင်ရန် စီနိုထရပ် မော်တော်ယာဉ်အစီး(၂၀)ကို တရုတ်နိုင်ငံက (၂၁-၂-၂၀၁၉)နေ့က လှူဒါန်းခဲ့သည့်အတွက် လက်ခံရေးစခန်း(၂)ခုတွင် အသင့်ထားရှိပြီး ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနက ယာဉ်မောင်း (၁၀)ဦးဖြင့် မောင်းနှင်ရန် ဆောင်ရွက်ထားပါသည်။

ပြန်လည်လက်ခံရေးစခန်းများအား ကြည့်ရှုစစ်ဆေးခြင်း

( ဂ ) ၂၀၁၈ ခုနှစ်ကပင် လှဖိုးခေါင်စခန်းတွင် လူဦးရေ (၃၀၀၀) နေထိုင်နိုင်သည့် ရေ/မီး အစုံပါဝင်သည့် (၈)ခန်းတွဲယာယီအဆောင် (၆၂၅)လုံးကို တည်ဆောက်ပြီးဖြစ်သော်လည်း အခြားလိုအပ်နေသေးသည့် အုပ်ချုပ်မှုဆိုင်ရာ၊ လုံခြုံရေးဆိုင်ရာ အဆောက်အအုံများ၊ လူအများစုဝေးမှုဆိုင်ရာ အသုံးပြုနိုင်သည့် အဆောက်အအုံများ၊ ရာသီဥတုဒဏ်နှင့် အခြားကိစ္စရပ်များ ပေါ်ပေါက်လာပါက အသုံးပြုနိုင်ရန်အတွက် တရုတ်နိုင်ငံက လှူဒါန်းသော Assembled Board House အလုံး (၉၀)ကို တပ်ဆင် အထိုင်ချထားရှိခြင်း၊ အလုံး (၁၀၀)ကို တပ်ဆင်ထားရှိခြင်း အလုံး (၉၀၀)ကို အသင့်ပို့ဆောင်ထားရှိခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ စခန်းတွင်းလမ်းများ ဖေါက်လုပ်ခြင်း၊ လုံခြုံမှုအတွက် စည်းရိုးကာရံခြင်း စသည်တို့ကို ထပ်မံတိုးချဲ့ ဆောင်ရွက်ခဲ့ပါသည်။ Assembled Board House အလုံး (၁၉၀) အတွက် ခြံစည်းရိုးကာရံခြင်း၊ ယခင်တပ်ဆင်ပြီး အလုံး(၁၀၀)ကို အထိုင်ချတည်ဆောက်ခြင်း၊ အုတ်ရေကန် (၁၀)လုံး၊ အဝီစိတွင်း(၁၀)တွင်း၊ (၅)ခန်းတွဲအိမ်သာ (၁၀)လုံး တည်ဆောက်ခြင်း၊ Assembled Board House (၁၀၀)အတွက် လမ်းခင်းခြင်း၊ ကင်းတဲ (၄)လုံး တည်ဆောက်ခြင်း၊ Assembled Board House (၁၀၀)လုံးအတွက် မီးသွယ်တန်းခြင်းတို့ကို ဆောင်ရွက်ရန်အတွက်လည်း (၂၁-၇-၂၀၂၀) ရက်နေ့တွင် UEHRD ရန်ပုံငွေမှ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပြီး ဖြစ်ပါသည်။

(ဃ) တစ်ဖက်နိုင်ငံသို့တိမ်းရှောင်သွားသူများအနက် မိမိအစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်လာသူများ ရှိခဲ့သည့်အတွက် ပြန်လည်ဝင်ရောက်လာသူများအား UEHRD အစီအစဉ်ဖြင့် ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားခြင်းကို ဖွဲ့စည်းတာဝန်ပေးထားသည့် **နေရပ်စွန့်ခွာသူများပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီ** နှင့် ပြည်နယ်အစိုးရတို့က စိစစ်ဆောင်ရွက်ခဲ့ရာ ၂၀၁၈ခုနှစ်၊ အောက်တိုဘာလအထိ (၁၇၁) ဦးရှိခဲ့ပြီး (၁-၁-၂၀၁၉)မှ (၃၀-၉-၂၀၂၀) ထိကာလအတွင်း (၅၂၄)ဦး ရှိရာ စုစုပေါင်း (၆၉၅)ဦး ရှိပါသည်။ ယင်းတို့အနက် လက်ရှိနေထိုင်သူ (၅၆၉)ဦး၊ ပြန်လည်ထွက်ခွာသွားသူ (၁၂၅)ဦး၊ သေဆုံးသူ (၁)ဦးရှိပါကြောင်းနှင့် အစီရင်ခံသည့်ကာလအတွင်း ပြန်လည်ဝင်ရောက်လာသူ စာရင်းအား အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

| စဉ် | လက်ခံသည့် | | ဦးရေ | | |
|---|---|---|---|---|---|
| | ရက်စွဲ | စခန်း | ကျား | မ | ပေါင်း |
| ၁ | ၂၁.၇.၂၀၁၈ | ငါးခူရ | ၆ | - | ၆ |
| ၂ | ၄.၃.၂၀၁၉ | ငါးခူရ | - | ၁ | ၁ |
| ၃ | ၇.၃.၂၀၁၉ | ငါးခူရ | ၃ | ၁ | ၄ |
| ၄ | ၁၉.၄.၂၀၁၉ | ငါးခူရ | ၁ | ၄ | ၅ |
| ၅ | ၁၉.၄.၂၀၁၉ | ငါးခူရ | ၃ | ၃ | ၆ |
| ၆ | ၂၄.၄.၂၀၁၉ | ငါးခူရ | ၃ | ၂ | ၅ |
| ၇ | ၂၉.၄.၂၀၁၉ | ငါးခူရ | ၁ | - | ၁ |
| ၈ | ၁၈.၅.၂၀၁၉ | ငါးခူရ | ၃ | - | ၃ |
| ၉ | ၂၅.၆.၂၀၁၉ | လှဖိုးခေါင် | ၁ | - | ၁ |
| ၁၀ | ၂၅.၆.၂၀၁၉ | လှဖိုးခေါင် | ၄ | ၅ | ၉ |
| ၁၁ | ၂၅.၆.၂၀၁၉ | လှဖိုးခေါင် | ၁ | - | ၁ |
| ၁၂ | ၁၂.၇.၂၀၁၉ | လှဖိုးခေါင် | ၁ | - | ၁ |
| ၁၃ | ၂၈.၇.၂၀၁၉ | လှဖိုးခေါင် | ၁၁ | ၂၀ | ၃၁ |
| ၁၄ | ၉.၈.၂၀၁၉ | လှဖိုးခေါင် | ၁၄ | ၆ | ၂၀ |
| ၁၅ | ၁၁.၉.၂၀၁၉ | တောင်ပြို | ၄ | ၂ | ၆ |

| စဉ် | လက်ခံသည့် | | ဦးရေ | | |
|---|---|---|---|---|---|
| | ရက်စွဲ | စခန်း | ကျား | မ | ပေါင်း |
| ၁၆ | ၂၅.၉.၂၀၁၉ | ငါးခူရ | ၁၅ | ၁၁ | ၂၆ |
| ၁၇ | ၃၀.၉.၂၀၁၉ | ငါးခူရ | ၁၀ | ၆ | ၁၆ |
| ၁၈ | ၂.၁၀.၂၀၁၉ | လှဖိုးခေါင် | ၃ | ၆ | ၉ |
| ၁၉ | ၂၂.၁၀.၂၀၁၉ | တောင်ပြို | ၁၈ | ၁၁ | ၂၉ |
| ၂၀ | ၃၀.၁၀.၂၀၁၉ | ငါးခူရ | ၂၄ | ၁၉ | ၄၃ |
| ၂၁ | ၃.၁၀.၂၀၁၉ | တောင်ပြို | ၂ | ၂ | ၄ |
| ၂၂ | ၁.၁၁.၂၀၁၉ | တောင်ပြို | ၁၀ | ၇ | ၁၇ |
| ၂၃ | ၂၅.၁၁.၂၀၁၉ | တောင်ပြို | ၁ | ၃ | ၄ |
| ၂၄ | ၂၅.၁၁.၂၀၁၉ | တောင်ပြို | ၉ | ၁၀ | ၁၉ |
| ၂၅ | ၁၁.၁၂.၂၀၁၉ | တောင်ပြို | ၅ | ၆ | ၁၁ |
| ၂၆ | ၁၇.၁၂.၂၀၁၉ | တောင်ပြို | ၄ | ၅ | ၉ |
| ၂၇ | ၂၁.၁၂.၂၀၁၉ | တောင်ပြို | ၄ | ၃ | ၇ |
| ၂၈ | ၁၆.၁.၂၀၂၀ | ငါးခူရ | ၁၆ | ၁၃ | ၂၉ |
| ၂၉ | ၁၇.၁.၂၀၂၀ | ငါးခူရ | ၁၄ | ၅ | ၁၉ |
| ၃၀ | ၁၈.၁.၂၀၂၀ | ငါးခူရ | ၃၁ | ၁၆ | ၄၇ |
| ၃၁ | ၁၉.၁.၂၀၂၀ | ငါးခူရ | ၈ | ၃၀ | ၃၈ |
| ၃၂ | ၂၉.၁.၂၀၂၀ | ငါးခူရ | ၁၆ | ၁၀ | ၂၆ |
| ၃၃ | ၁၁.၂.၂၀၂၀ | ငါးခူရ | ၇ | ၄ | ၁၁ |
| ၃၄ | ၂၁.၂.၂၀၂၀ | ငါးခူရ | ၁၀ | ၆ | ၁၆ |
| ၃၅ | ၈.၃.၂၀၂၀ | ငါးခူရ | ၁၇ | ၂ | ၁၉ |
| ၃၆ | ၈.၃.၂၀၂၀ | တောင်ပြို | ၁ | ၂ | ၃ |
| ၃၇ | ၁၉.၃.၂၀၂၀ | ငါးခူရ | ၅ | ၆ | ၁၁ |
| ၃၈ | ၂၉.၃.၂၀၂၀ | ငါးခူရ | ၃ | ၁ | ၄ |
| ၃၉ | ၁၁.၄.၂၀၂၀ | ငါးခူရ | ၃ | ၄ | ၇ |
| | **စုစုပေါင်း** | | **၂၉၁** | **၂၃၃** | **၅၂၄** |

**ပြန်လည်ဝင်ရောက်လာသူများအား စိစစ်လက်ခံခြင်း**

( c) ဘင်္ဂလားဒေ့ရှ်နိုင်ငံက ပေးပို့လာသည့် ပြန်လည် ဝင်ရောက်လိုသူများအမည် စာရင်းကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အထောက်အထားများနှင့် တိုက်ဆိုင်စိစစ်ပြီးနောက် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနက တစ်ဖက်နိုင်ငံသို့ ပေးပို့လျက်ရှိရာ စိစစ်ဆောင်ရွက်ပြီးစီးမှု အခြေအနေကို အောက်ပါဇယားဖြင့် တင်ပြအပ်ပါသည်-

**ဘင်္ဂလားဒေ့ရှ်နိုင်ငံက ပေးပို့သောနေရပ်စွန့်ခွာနေရသူများစာရင်း** (၃၁-၈-၂၀၂၀)

| စဉ် | ဘင်္ဂလားဒေ့ရှ်က ပေးပို့သော အကြိမ် | ပေးပို့သော | | စိစစ်ခဲ့သော အိမ်ထောင်စုပေါင်း | | စိစစ်ခဲ့သောလူဦးရေပေါင်း | | | |
|---|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | လူဦးရေ | စိစစ်ပြီး | စိစစ်ရန်ကျန် | မြန်မာနိုင်ငံတွင် နေထိုင်သူ | အိမ်ထောင်စုတွင်မပါသူ | အကြမ်းဖက် | စိစစ်ရန်ကျန်ဦးရေ |
| ၁ | ပထမအကြိမ် (၁၅-၂-၂၀၁၈) | ၁၆၉၂ | ၈၀၃၂ | ၁၆၉၂ | - | ၅၃၈၄ | ၂၄၃၁ | ၆၈ | ၁၄၉ |
| ၂ | ဒုတိယအကြိမ် (၂၆-၁၁-၂၀၁၈) | ၅၂၁၃ | ၂၂၄၃၂ | ၄၈၈၇ | ၃၂၆ | ၁၂၉၄၁ | ၈၀၂၉ | ၁၂၅ | ၁၃၃၇ |
| ၃ | တတိယအကြိမ် (၂၉-၇-၂၀၁၉ ) | ၅၇၈၈ | ၂၅၂၀၃ | ၁၉၂၁ | ၃၈၆၇ | ၇၀၄၂ | ၁၉၅၉ | ၁၂၉ | ၁၆၀၇၃ |
| ၄ | စတုတ္ထအကြိမ် (၃၀-၁၀-၂၀၁၉ ) | ၁၁၃၃၇ | ၅၀၅၀၆ | - | - | - | - | - | - |

# လုပ်ငန်းစဉ်(၂)

## ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး

### နေအိမ်များဆောက်လုပ်မှုအခြေအနေ

၂၉။ အကြမ်းဖက်ဖြစ်စဉ်ကြောင့် တစ်ဖက်နိုင်ငံသို့ ထွက်ခွာသွားကြသူများ ရှိသကဲ့သို့ ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာ နေထိုင်နေကြရသူများလည်း ရှိရာ တဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့်သူများ အပါအဝင် ဒေသအတွင်း နေရပ်စွန့်ခွာ နေထိုင်နေရသည့် ရခိုင်တိုင်းရင်းသားများ၊ တိုင်းရင်းသား လူမျိုးစုငယ်များ၊

ဟိန္နုဘာသာဝင်များကို ပြန်လည် နေရာချထားနိုင်ရန် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ ကူညီပံ့ပိုးမှု၊ UEHRDကော်မတီသို့ ပြည်တွင်း/ ပြည်ပ အလှူရှင်များက ထည့်ဝင်လှူဒါန်းမှု၊ သီးခြား ပုဂ္ဂလိက လှူဒါန်းမှုများဖြင့် နေအိမ်များတည်ဆောက်ပေးလျက်ရှိရာ ဆောက်လုပ်ပြီးစီးမှု၊ နေရာချထားပြီးစီးမှု၊ လိုအပ်ချက်အပေါ် စီမံဆောင်ရွက်ထားရှိမှုများကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်-

### တိုင်းရင်းသားများအတွက် နေအိမ်များ ဆောက်လုပ်ပေးနေမှုအခြေအနေ

| စဉ် | လှူဒါန်းသည့် ဌာန/အဖွဲ့အစည်း | ကျေးရွာ အုပ်စု | လူမျိုး | ဆောက်လုပ်ရန် လျာထားမှု | ဆောက်လုပ်ပြီးစီးမှု | ဆောက်လုပ်ဆဲ/ကျန် | နေရာချထားမှု |
|---|---|---|---|---|---|---|---|
| ၁ | မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့(၆၁)+ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့(၄၄) | သစ်တုံးနားခွဆုံ (စုစည်းရွာ) | မြို | ၁၀၅လုံး | ၁၀၅လုံး | - | ၁၀၅လုံး |
| ၂ | နယ်စပ်ရေးရာ(၁၈)+ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း (၃၀)၊ CB BANK (၁၅၁) ကျေးလက်ဦးစီးဌာန(၉) | နတ်ချောင်း (ခုံတိုင်) စုစည်းရွာ | မြို | ၂၀၈လုံး | ၂၀၈လုံး | - | ၁၃၁လုံး နေရာချထားပြီး ၇၇လုံး ကို ထပ်မံ နေရာချရန်စီစဉ်ပြီး |

| စဉ် | လူနေဒါန်းသည့် ဌာန/အဖွဲ့အစည်း | ကျေးရွာ အုပ်စု | လူမျိုး | ဆောက် လုပ်ရန် လျာထားမှု | ဆောက်လုပ် ပြီးစီးမှု | ဆောက် လုပ် ဆဲ/ကျန် | နေရာချထားမှု |
|---|---|---|---|---|---|---|---|
| ၃ | ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့(၅၆)+ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့(၆၄) | ဇော်မတက် (ကိုင်းကြီး) စုစည်းရွာ | မြို | ၁၂၀လုံး | ၁၂၀လုံး | - | ၁၂၀လုံး |
| ၄ | ရှမ်းပြည်နယ်အစိုးရအဖွဲ့ (၄၀)+ တာချီလိတ်မြေဝတီ(၃) ကျေးလက်(၂) မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့(၈) | ပဒကား ရွာသစ် | ခမီ၊ ဒိုင်းနက် ၊ချင်း၊မြို | ၅၃လုံး | ၄၅လုံး | ၈လုံး | ၄၅လုံး |
| ၅ | ကရင်ပြည်နယ်အစိုးရ အဖွဲ့(၃၀)+ စောဌေးမြင့်ကုမ္ပဏီ(၇) စစ်ကိုင်းတိုင်းဒေသ ကြီး အစိုးရ အဖွဲ့(၄၅) | မင်းကြီး (ရွှေပြောင်း) အောင်စစ်ပြင် | ရခိုင် | ၈၂လုံး | ၈၂လုံး | - | ၈၂လုံး |
| ၆ | ကချင်ပြည်နယ်အစိုးရ အဖွဲ့(၂၀) | လောင်းဒုံ | မာရမာ ကြီး (ဖော်ကီ တောင် | ၂၀လုံး | ၂၀လုံး | - | - |
| ၇ | အိန္ဒိယကလူနေဒါန်း | ကွမ်းသီးပင်၊ နုံ့သာတောင် | ရခိုင် | ၄၂လုံး | ၄၂လုံး | - | ၄၂လုံး |
| ၈ | ကျေးလက်ဦးစီးဌာန | သက်ကိုင်ညာ | သက် | ၄လုံး | ၄လုံး | - | ၄လုံး |
| ၉ | ကျေးလက်ဦးစီးဌာန | ကာလာဒေး ဖက် | ဒိုင်း နက် | ၁၂လုံး | ၁၂လုံး | - | ၁၂လုံး |
| ၁၀ | တပ်မတော် | အထက်ပြူးမ | ရခိုင် | ၁၄လုံး | ၁၄လုံး | - | ၁၄လုံး |
| ၁၁ | မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့(၄၂) | ခမောင်းဆိပ် မြို့ အနီး၊ ငါးရန့်ချောင်း (ကသည်း) | က သည်း | ၄၂လုံး | - | ၄၂လုံး | - |
| ၁၂ | နယ်စပ်ရေးရာ | ကျောက်ပန္ထူ | ရခိုင် | ၁၀၀လုံး | ၁၀၀လုံး | - | ၁၀၀လုံး |

| စဉ် | လူ့ဒါန်းသည့် ဌာန/အဖွဲ့အစည်း | ကျေးရွာ အုပ်စု | လူမျိုး | ဆောက် လုပ်ရန် လျာထားမှု | ဆောက်လုပ် ပြီးစီးမှု | ဆောက် လုပ် ဆဲ/ကျန် | နေရာချထားမှု |
|---|---|---|---|---|---|---|---|
| ၁၃ | ပြည်နယ်အစိုးရ အလှူငွေ (၅၀) အမျိုးသားသဘာဝ ဘေးရန်ပုံ ငွေ(၅၀) ၊ Yoma Beauty(၂၄) မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့(၅၀)လုံး | အင်းဒင် (ရွာသစ်) | တိုင်း ရင်း သား | ၁၇၄လုံး | ၁၂၄လုံး | ၅၀လုံး | ၁၂၄လုံး |
| ၁၄ | နယ်စပ်ရေးရာဝန်ကြီးဌာန(၆၃) | ငါးရန့်ချောင်း (ဘူးသီးတောင်) | ရခိုင် | ၆၃လုံး | ၆၃လုံး | - | ၆၃လုံး |
| ၁၅ | အမျိုးသားသဘာဝဘေးရန်ပုံငွေ | ကြိမ်ချောင်း (မာရမာ) | တိုင်း ရင်း သား | ၃၀လုံး | - | ၃၀လုံး | - |
| | | **စုစုပေါင်း** | | **၁၀၆၉လုံး** | **၉၃၉လုံး** | **၁၃၀လုံး** | **၈၆၂လုံး** |

## ဟိန္နုဘာသာဝင်များအတွက် နေအိမ်များ ဆောက်လုပ်ပေးနေမှုအခြေအနေ

| စဉ် | လူ့ဒါန်းသည့် ဌာန/အဖွဲ့အစည်း | ကျေးရွာ အုပ်စု | လူမျိုး | ဆောက် လုပ်ရန် လျာထားမှု | ဆောက် လုပ် ပြီးစီးမှု | ဆောက်လုပ် ဆဲ/ကျန် | နေရာချ ထားမှု |
|---|---|---|---|---|---|---|---|
| ၁ | UEHRD(၇၂)+ ဂျပန်နိုင်ငံ(၅၀) | အိုးထိန်း+ ရဲဘောက်ကျာ | ဟိန္နု | ၁၂၂လုံး | ၁၂၂လုံး | - | နေရာမ ချရသေး |
| ၂ | CB BANK(၄၂)+ UEHRD (၂၁) | မြို့မအရှေ့+အင်းဒင် | ဟိန္နု | ၆၃လုံး | ၄၂လုံး | ၂၁လုံး ဆောက်လုပ်ဆဲ | ၄၂လုံး |
| ၃ | CB BANK | ကြိမ်ချောင်း+ တောင်ပြို+ မြို့မိချောင်း | ဟိန္နု | ၃၆လုံး | ၃၆လုံး | - | ၃၆လုံး |
| ၄ | အိန္ဒိယမှလူ့ဒါန်း (၁၄၈) | ရွှေဇော်+ လသာ+ ၄မိုင်ရွာ | ဟိန္နု | ၂၀၁လုံး | ၁၄၈လုံး | ကျန်၅၃လုံး ဆောက်လုပ်ရန် အိန္ဒိယသို့ ညှိဆဲ | ၁၄၈ လုံး |
| ၅ | အမျိုးသားသဘာဝ ဘေး ရန်ပုံငွေ | ငါးခူရ | ဟိန္နု | ၆၅လုံး | ၆၅လုံး | - | ၆၅လုံး |
| | | **စုစုပေါင်း** | | **၄၈၇လုံး** | **၄၁၃လုံး** | **၇၄လုံး** | **၂၉၁ လုံး** |

**မွတ်စလင်ဘာသာဝင်များအတွက် နေအိမ်များ ဆောက်လုပ်ပေးနေမှုအခြေအနေ**

| စဉ် | လှူဒါန်းသည့် ဌာန/အဖွဲ့အစည်း | ကျေးရွာ အုပ်စု | လူမျိုး | ဆောက်လုပ် ရန် လျာထားမှု | ဆောက် လုပ် ပြီးစီးမှု | ဆောက် လုပ် ဆဲ/ကျန် | နေရာချ ထားမှု |
|---|---|---|---|---|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသ ကြီး | ပန်းတောပြင် | မွတ်စလင် | ၂၂လုံး | ၂၂လုံး | - | ၂၂လုံး |
| ၂ | အိန္ဒိယနိုင်ငံ(၆၀) + ဂျပန်နိုင်ငံက (၅၁) လှူဒါန်းမှု UEHRD မှ ဆောက်လုပ်ပေးမှု (၁၀၀) | ကြိမ်ချောင်း တောင် | မွတ်စလင် | ၂၁၁ လုံး | ၂၁၁ လုံး | - | နေရာမချ ထားသေး |
| ၃ | UEHRD | သက္ကယ်ပြင် | မွတ်စလင် | ၁၂၀လုံး | ၁၂၀လုံး | - | နေရာမချ ထားသေး |
| ၄ | အမျိုးသားသဘာဝ ဘေး ရန်ပုံငွေ (၇၆)+UEHRD (၄၃) | ဂူတာပြင် | မွတ်စလင် | ၁၁၉လုံး | ၁၁၉လုံး | - | ၁၁၉လုံး |
| | | **စုစုပေါင်း** | | **၄၇၂လုံး** | **၄၇၂လုံး** | - | **၁၄၁လုံး** |

**ဒေသအတွင်းနေရပ်စွန့်ခွာနေထိုင်ရသူများအတွက် ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူ ထောင်ရေး ဆောင်ရွက်မှု**

၃၀။ ထို့အပြင် ဒေသနေ မွတ်စလင်ဘာသာဝင်အများစုမှာ အကြောင်းအမျိုးမျိုးကြောင့် တစ်ဖက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ခွာသွားကြသော်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မထွက်ခွာဘဲ ဒေသတွင် ပင် နေရပ်စွန့်ခွာနေထိုင်နေရသူများ ကျန်ရှိနေပါသည်။ ယင်းတို့ကို မူလနေရာများ၌ပင် နေအိမ်များ ပြုပြင်ခြင်း၊ အသစ်ဆောက်လုပ်ခြင်းတို့ဖြင့် ဦးစားပေးအဆင့်များ သတ်မှတ်လျက် UEHRD အစီအစဉ် ဖြင့် ပြန်လည်နေရာချထားမှု ဆောင်ရွက်ပေးလျက်ရှိရာ ပထမဦးစားပေးအဆင့် ကျေးရွာ အုပ်စု (၇)စုမှ အိမ်ထောင်စု (၂၂၀)စုကို ကျေးရွာ (၉)ရွာတွင် မူလနေအိမ်များ ပြုပြင်ခြင်းအတွက် ငွေကျပ် (၅၃၃၄၂၀၀) ဖြင့်ဆောင်ရွက်ပြီးဖြစ်ပါသည်။ ဒုတိယအဆင့်အဖြစ် မူလကျေးရွာအုပ်စု (၉)စု၊ ကျေးရွာ (၉)ရွာတွင် အိမ်ထောင်စု (၂၁၁)အတွက် ဒေသပုံစံနေအိမ်အသစ် ဆောက်လုပ်ပေး ခြင်းနှင့် တတိယအဆင့်အဖြစ် မောင်တောမြို့ပေါ်ရပ်ကွက်များတွင် နေထိုင်ခဲ့ကြသည့် အိမ်ထောင် စု (၂၈၉)စုတို့အတွက် ဒေသပုံစံနေအိမ်များဆောက်လုပ်ပေးရန် ငွေကျပ် (၁၃၆၅)သန်းကို ပြည်နယ် အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးခဲ့ရာ ရခိုင်ပြည်နယ်အစိုးရက စတင် ဆောင်ရွက်လျက်ရှိပါသည်။

အဆင့်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေကို အောက်ပါဇယားဖြင့် အကျဉ်းချုပ် တင်ပြအပ်ပါသည်-

| စဉ် | ပြန်လည်နေရာထားမည့်သူများ | နေရာချထားသည့်နေရာ | အိမ်ထောင်စု | လူဦးရေ | | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | မူလကျေးရွာအုပ်စု/ကျေးရွာများတွင် နေအိမ်ပြုပြင်ပြီးနေထိုင်မည့် သူများ | ၉ | ၂၂၀ | ၆၀၆ | ၆၅၃ | ၁၂၅၉ | ပြုပြင်ဆောက်လုပ်ပြီး |
| ၂ | မူလကျေးရွာအုပ်စု/ကျေးရွာများတွင် နေအိမ်ဆောက်လုပ်ပေးပြီး နေထိုင်မည့်သူများ | ၉ | ၂၁၁ | ၅၄၈ | ၆၁၁ | ၁၁၅၉ | ဆောင်ရွက်လျက်ရှိ |
| ၃ | မြို့ပေါ်ရပ်ကွက်များတွင် နေအိမ်ဆောက်လုပ်ပေးပြီး နေရာချထားမည့်သူများ | ၂ | ၂၈၉ | ၇၈၁ | ၈၀၇ | ၁၅၈၈ | ဆောင်ရွက်လျက်ရှိ |
| ၄ | စုစည်း (၃၁)နေရာတွင် နေရာချထားမည့်သူများ | ၉ | ၈၅၂ | ၁၉၂၉ | ၂၀၄၄ | ၃၉၇၃ | |
| | **စုစုပေါင်း** | **၂၉** | **၁၅၇၂** | **၃၈၆၄** | **၄၁၁၅** | **၇၉၇၉** | |

၃၁။ ထိုသို့ ပြန်လည်နေရာချထားရေးစီမံမှုများနှင့်အတူ ယင်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍လည်း (၉-၃-၂၀၂၀)ရက်နေ့တွင် ကျေးရွာအုပ်စု (၇)စုမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့မှုအရ ငါးဖမ်းဖိုက်ဘာစက်လှေ(13 HP)(၂)စီးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက (၂၄-၄-၂၀၂၀)နေ့တွင်လည်းကောင်း၊ လက်တွန်းလယ်ထွန်စက်(၂)စီးနှင့်စပ်လျဉ်း၍ ၎င်းတို့တင်ပြသည့်အတိုင်း ကုန်ကျငွေ၏တစ်ဝက်ဖြစ်သည့် ငွေကျပ် **(၁,၈၄၇,၀၀၀)**ကို UEHRD ရန်ပုံငွေမှလည်းကောင်း ကျခံ၍ မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် လွှဲပြောင်း ထောက်ပံ့ခဲ့ပါသည်။ (၉-၃-၂၀၂၀)နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့်ပြန်လည်နေရာချထားရေးကော်မတီ၏ ညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်အရ အဆိုပါပြန်လည်နေရာချထားရေးအစီအစဉ်တွင် ပါရှိသည့် ပဒင်းကျေးရွာအုပ်စုများမှ ကျေးရွာ(၈)ရွာ၊ ကျောက်လှေကားကျေးရွာအုပ်စုများမှကျေးရွာ (၂၃)ရွာနှင့် လိပ်ရ(၁)ရွာတို့မှ အိမ်ထောင်စု (၃၂)စုအား ငါးဖမ်းလက်လှေ(၂၁ x ၄)ပေ (၃၂)စီးနှင့် မျောပိုက်(၃၀၀)ပေ (၃၂)လက်ကို ထောက်ပံ့ပေးနိုင်ရေးအတွက် အလှူရှင်များ၊ အဖွဲ့ အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

၃၂။ ဘင်္ဂလားဒေ့ရှ်နိုင်ငံက ပြန်လည်ဝင်ရောက်လာမည့် ဟိန္နူဘာသာဝင်(၂၃၄)ဦးအား အိုးထိန်းကျေးရွာတွင် ပြန်လည်နေရာချထားနိုင်ရန်စီစဉ်ဆောင်ရွက်ထားရာ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့်ပြန်လည်နေရာချထားရေးကော်မတီ၏ (၁/၂၀၂၀)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်အရ နေအိမ်များလျှပ်စစ်မီးရရှိရေးအတွက် UEHRD ရန်ပုံငွေမှ (၅၁,၄၈၁,၅၀၀) ကျပ်ဖြင့် ဆောင်ရွက်လျှက်ရှိပါသည်။

၃၃။ ထို့အပြင် ပြန်လည်နေရာချထားရေး မဆောင်ရွက်နိုင်သေးသည့် ၂၀၁၂ ခုနှစ်ကတည်းက ဖွင့်လှစ်ခဲ့သော IDP စခန်းများအနက် စစ်တွေမြို့နယ်၊ ခေါင်းဒုက္ကာကျေးရွာရှိ အုန်းတောကြီးမြောက် IDP စခန်းတွင် (၂၀-၈-၂၀၂၀)နေ့က မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးဘေးသင့် အိမ်ထောင်စု(၅၄)စု အတွက် (၄၅' x၃၀') (ဝါးခင်း၊ ထရံကာ၊ သွပ်မိုး) (၄) ခန်းတွဲ ကျောချင်းကပ် (၈)ခန်းပါ တန်းလျား (၇)ဆောင် ဆောက်လုပ်ရန်အတွက် UEHRD ရန်ပုံငွေကျပ် (၃၅,၀၀၀,၀၀၀/-) ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ (၂၅-၈-၂၀၂၀) ရက်နေ့က လွှဲပြောင်းခဲ့ပါသည်။

**UEHRD လုပ်ငန်းအဖွဲ့များ၏ပါဝင်ဆောင်ရွက်မှု**

၃၄။ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများတွင် UEHRD ၏ Task Force များကလည်းပါဝင်ဆောင်ရွက်ခဲ့ကြရာ-

(က) **ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အဦတည်ဆောက်ရေးလုပ်ငန်းအဖွဲ့** (CITF) သည် UEHRD အစီအစဉ်ဖြင့် ပြည်နယ်အတွင်းရှိ ဒေသခံဆောက်လုပ်ရေးကုမ္ပဏီများက ၂၀၁၈ ခုနှစ်က ဆောင်ရွက်ဆဲလုပ်ငန်းအဖြစ် ကျန်နေသည့် လှဖိုးခေါင်ကြားစခန်းတွင် စခန်းအတွင်းအပြင် ကျောက်ရောမြေ လမ်းခင်းခြင်း၊ နှစ်ထပ်ကင်းတဲ (၂)လုံး၊ တစ်ထပ်ကင်းတဲ(၁)လုံး၊ လုံခြုံရေး အိပ်ဆောင်(၁)လုံး၊ (၄)ခန်းတွဲအိမ်သာနှင့်မိလ္လာကန်(၂)ခုတည်ဆောက်ခြင်း၊ လမ်းဘေးမြေသားမြောင်း၊ Box Culvert နှင့် မြေအောက်ပိုက်လိုင်းများ တည်ဆောက်ခြင်း၊ ယာယီတဲ(၂၁၇)လုံးရှိ အိပ်ဆောင်များတွင်(၅)ထပ်သားခင်းခြင်း၊တောင်ပြိုလက်ဝဲပြန်လည်လက်ခံရေးစခန်းတွင် အုပ်ချုပ်မှုယာဉ်ရုပ်နားရန်နေရာ(၁)ခုဆောက်လုပ်ခြင်း၊ အဆောက်အဦနှင့် ရေမီးလိုအပ်ချက်များ ပြင်ဆင်ဆောင်ရွက်ခြင်း၊ အိုးထိန်းကျေးရွာတွင် နေအိမ် (၆၂)လုံး ဆောက်လုပ်ခြင်း၊ ကြိမ်ချောင်းတောင်ကျေးရွာတွင်နေအိမ် (၁၀၀)လုံးတည်ဆောက်ခြင်း၊ နေအိမ် (၃၅)လုံးတွင် Plinth Level (၁)ပေမြှင့်ခြင်းနှင့် နေအိမ်(၁၀၀)လုံးတွင် ကြံ့ခိုင်မှုဆိုင်ရာထပ်တိုးလုပ်ငန်းများဆောင်ရွက်ခြင်း၊ရှင်းလင်းဆောင်အသစ်(၁)လုံးဆောက်လုပ်ခြင်းများကို ကြီးကြပ် ဆောင်ရွက်ခဲ့ပါသည်။

( ခ ) **စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းအဖွဲ့**ဝင်ဖြစ်သော မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကုမ္ပဏီလီမိတက်(MAPCO)မှ ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသပြန်လည် ထူထောင်ရေးလုပ်ငန်းများတွင် ဆန်စပါးလုပ်ငန်းနှင့်ပတ်သက်၍ရေတိုရေရှည်ဖွံ့ဖြိုး ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ရခိုင်ပြည်နယ်၏ လယ်ယာ ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပထမဦးစားပေး ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားနိုင် ရန် (၁၄-၁၁-၂၀၁၉)နေ့တွင် Cooperation Framework Agreement ကိုလက်မှတ် ရေးထိုးခဲ့ပြီးဖြစ်ပါသည်။ ဆန်စပါးနှင့် လယ်ယာသီးနှံ သိုလှောင်သန့်စင်တန်ဖိုး မြှင့်တင်ခြင်းစီမံကိန်းကို ၂၀၂၀ပြည့်နှစ်အတွင်း စစ်တွေမြို့တွင် စတင် အကောင် အထည်ဖော်ရန်အတွက် စီမံကိန်းမြေဧရိယာ(၄)ဧကခန့်ကို ရှာဖွေဆောင်ရွက်လျက် ရှိပါသည်။

( ဂ ) **အသေးစားလုပ်ငန်းများချေးငွေရရှိရေးလုပ်ငန်းအဖွဲ့**အနေဖြင့် အစီရင်ခံသည့် ကာလ အတွင်းအသေးစားငွေစုငွေချေးလုပ်ငန်းကို ရခိုင်ပြည်နယ်အတွင်း ယခင်က မြို့နယ် (၄)မြို့နယ်သာ ဆောင်ရွက်နိုင်ခဲ့ရာမှ (၁၀)မြို့နယ်အထိ တိုးမြှင့်ခဲ့ခြင်း၊ အသင်းသား (၁၁၀၉၀)ဦးအထိ တိုးတက်လာခဲ့ခြင်း Microfinance လုပ်ငန်းအမျိုးအစား(၇၁)မျိုး အတွက်ယခင်က (၈၁၈၇.၆၅)သိန်းမှ(၉၀၀၉)သိန်းအထိလည်းကောင်း၊ အသေးစား စီးပွားရေးလုပ်ငန်းများအတွက် ယခင်က (၇၅၄) သိန်းမှ (၃၃၇၅.၅) သိန်းအထိ လည်းကောင်းတိုးမြှင့်ထုတ်ချေးနိုင်ခဲ့ပါသည်။ ၎င်းအပြင် (Micro Capital Loan) လုပ်ငန်း ကိုလည်း စတင်ဆောင်ရွက်ခဲ့ပြီး ချေးငွေ (၈၃၅.၅)သိန်း ထုတ်ချေးနိုင်ခဲ့ပါသည်။Mobile Agent တိုးချဲ့ဆောင်ရွက်မှုအနေဖြင့် Mobile Agent CB ဘဏ်က (၁၁၀)ခု နှင့် ကမ္ဘောဇ ဘဏ်က (၄၀၃)ခု ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။

SME Center ဖွင့်လှစ်၍ ချေးငွေများ ဆောင်ရွက်ပေးလျက်ရှိရာ ပုံနှိပ်လုပ်ငန်း၊ ဖျော်ရည်လုပ်ငန်းတို့ကို သိန်း(၁၅၀)နှင့် သိန်း(၇၀၀)အား လည်းကောင်း၊ ကုန်စုံဆိုင် လုပ်ငန်း၊ စတိုးဆိုင်လုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်းနှင့် ဆန်စက်လုပ်ငန်းစသည့် လုပ်ငန်းများအတွက် ငွေကျပ်(၁၉၅.၀၀)သန်းနှင့် ကမ္ဘောဇဘဏ်ကလည်း SME ချေးငွေကျပ်(၇၃၉.၀၀)သန်း ထုတ်ချေးနိုင်ခဲ့ပါသည်။ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်(၁၁)မြို့နယ်တွင် CB ဘဏ်က ဘဏ်ခွဲ(၄၇)ခုအထိ ဖွင့်လှစ်နိုင်ခဲ့ပါသည်။

(ဃ) **ခရီးသွားကဏ္ဍမြှင့်တင်ရေးလုပ်ငန်းအဖွဲ့**အနေဖြင့် စွန့်ပစ်တာယာကျွတ် အဟောင်းများဖြင့် အမှတ်တရပစ္စည်းများ ထုတ်လုပ်သည့် အထောက်အကူ ပြုသင်တန်းကို (၁၈-၁၂-၂၀၁၉) မှ (၇-၁-၂၀၂၀)ထိ ဒေသခံသင်တန်းသား(၅၀)ဦးအား နည်းပြ (၃)ဦးက ရက်တိုသင်တန်း ဖွင့်လှစ်ပို့ချပေးခြင်း၊ ဟိုတယ်များစုပေါင်း၍ ရေရှားပါး သောနေရာများသို့ ရေပေးဝေလှူဒါန်းခြင်းနှင့် Revenue Management Traning Course များ၊ Guest Management System သင်တန်းများနှင့် Human Resource သင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်းတို့ကို ၂၀၁၉ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် ၂၀၁၉ခုနှစ် ဇန်နဝါရီလတွင် Stiftunglife Foundation နှင့် မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း (ရခိုင်ဇုန်) တို့ပူးပေါင်းဆောက်လုပ်ခဲ့သည့် ပလပ်စတစ် ပြန်လည်သန့်စင် အသုံးပြုခြင်း (Plastic Recycle Plant) စက်ရုံကို ဖွင့်လှစ်ပေးခဲ့ပါသည်။

( ဂ ) **သတင်းနှင့် ဆက်သွယ်ရေးလုပ်ငန်းအဖွဲ့** Communications, Information Media Task Force (CIMTF)အနေဖြင့် UEHRD ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို UEHRD Website နှင့်UEHRD နှင့်ဆက်စပ်သော Social media များတွင် အချိန်နှင့်တစ်ပြေးညီ လွှင့်တင်ပေးလျက်ရှိပါသည်။

( စ ) **နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းအဖွဲ့**နှင့် UEHRD ၏ Outreach Working Group တို့ ညှိနှိုင်းဆက်သွယ်ဆောင်ရွက်မှုဖြင့် စက်ံပူအခြေစိုက် MAINLY I LOVE KIDS–MILK (Myanmar) Ltd. Gty နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် (Cooperation Agreement) ကို (၁၉-၁-၂၀၂၀)ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေးထိရောက်စွာအကျိုးသက်ရောက်မှုရှိစေမည့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်အတွက် ပညာရေးဆိုင်ရာ ကျောင်း/ တက္ကသိုလ် (သို့မဟုတ်) အသက်မွေးပညာသင်ကျောင်း တစ်ခုအပါအဝင် ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းများအတွင်း ရေရှည်တည်တံ့ခိုင်မြဲသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများပေါ်ပေါက်ရေး၊ ပညာရေးမှတစ်ဆင့် သဟဇာတပိုမိုဖြစ်ထွန်းရေးကို အထောက်အပံ့ဖြစ်စေမည့် ထောက်ပံ့မှုများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ရခိုင်ပြည်နယ်အတွင်းရှိ လူမှုအသိုက်အဝန်းအားလုံး ငြိမ်းချမ်းရေးနှင့်ရေရှည်တည်တံ့မည့် ဖွံ့ဖြိုး

**Cooperation Agreement**

တိုးတက်ရေးတို့ကို ရရှိစေရန်အတွက် ဘက်ပေါင်းစုံထောင့်ပေါင်းစုံမှ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာ၌ ပြည်သူ့ရေးရာကဏ္ဍများတွင် အထောက်အပံ့ရရှိစေရန်အတွက် ရခိုင်ပြည်နယ်အတွင်းရှိ အစိုးရဝန်ထမ်းများအား အုပ်ချုပ်မှုနှင့် ပြည်သူ့ဆက်ဆံရေးဆိုင်ရာ သင်တန်းပေးခြင်းကိစ္စရပ်များ ဆောင်ရွက်ရန်အတွက် နှီးနွယ်ဝန်ကြီးဌာနများ၏ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် အရာထမ်း/ဝန်ထမ်းများ (ပြည်နယ်အစိုးရ၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေး၊ ကျန်းမာရေးစသည်)ပါဝင်၍ ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။ အထက်ပါ သင်တန်းအစီအစဉ်ကို အာရှပရဟိတအဝန်းအဝိုင်း(APC)မှ အိပ်မက်များ တက္ကသိုလ်စီမံချက်တစ်စိတ်တစ်ပိုင်း(Dreams Leadership Training) အနေဖြင့် ထည့်သွင်းပံ့ပိုးသွားရန် ညှိနှိုင်းဆွေးနွေးလျက်ရှိပါသည်။ သင်တန်းများကို(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ပိုမိုထိရောက်သော အဝေးရောက်သင်ကြားခြင်းပုံစံဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထိုသို့သင်ကြားခြင်းအတွက် UEHRD သည် ပညာရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်း၍ VIDEO Conferencing နည်းပညာဖြင့် ဆောင်ရွက်နိုင်ရန်၊ စာသင်ခန်းများကို အကူအညီတောင်းခံထားပြီး၊ UEHRD ရန်ကုန်ရုံးတွင် VIDEO Conferencing နည်းပညာဖြင့် သင်ခန်းစာပို့ချမည့် အခန်းနှင့် ပညာရေးဝန်ကြီးဌာနမှ စစ်တွေမြို့ရှိ ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် အစိုးရစက်မှုလက်မှု အထက်တန်းကျောင်းရှိ စာသင်ခန်းများအတွက် လိုအပ်သော VIDEO Conferencing အထောက်အကူပြု ပစ္စည်းများကို APC မှ ဖြည့်ဆည်းပံ့ပိုးသွားမည်ဖြစ်ပါသည်။ ထို့အပြင် ရခိုင်ပြည်နယ်အတွင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရပ်ကွက်နှင့် ကျေးရွာစာရေးဝန်ထမ်းများနှင့် အုပ်ချုပ်ရေးမှူးများအတွက် ပို့ချမည့် အုပ်ချုပ်မှုနှင့် ပြည်သူ့ဆက်ဆံရေးဆိုင်ရာ သင်တန်းများကိုလည်း Smart Mobile Tablet များအသုံးပြု၍ သင်ရိုးညွှန်းတမ်းများ ထည့်သွင်း၍ စာစဉ်များ မေးဖြေပြုလုပ်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။ လိုအပ်သော အထောက်အကူပြု ပစ္စည်းများနှင့် သင်တန်းသားများအတွက် Smart Mobile Tablet များကို APC မှ ဖြည့်ဆည်းပံ့ပိုးသွားမည်ဖြစ်ပါသည်။ ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်းများမှ ကျောင်းသား၊ ကျောင်းသူ(၄၀၀)အား ပညာသင်နှစ် (၁)နှစ်စာ အထောက်အပံ့ပေးရေးနှင့် စစ်တွေမြို့၊ ရွှေစေတီကျောင်း တိုက်တွင်နေထိုင်နေကြသော တိုက်ပွဲရှောင်ကျောင်းသား/ကျောင်းသူများအတွက် အိပ်ဆောင်(၂)ဆောင် ဆောက်လုပ်ပေးနိုင်

ရေးအတွက် (၁၉-၈-၂၀၂၀)ရက်နေ့တွင် လှူဒါန်းဆောင်ရွက်မှု လက်မှတ်ရေးထိုးပြီး စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

**UEHRD လုပ်ငန်းစဉ်များတွင် မိတ်ဆွေနိုင်ငံများပါဝင်ဆောင်ရွက်မှု**

၃၅။ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မိတ်ဆွေနိုင်ငံများက ပါဝင်ကူညီထောက်ပံ့ပေးလျက်ရှိရာ-

(က) နေရပ်စွန့်ခွာသူများပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အိန္ဒိယနိုင်ငံက တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၅ သန်းနှုန်းဖြင့် ၅ နှစ်အတွက် အမေရိကန်ဒေါ်လာ ၂၅ သန်းထောက်ပံ့ပေးရာတွင် ပထမ

နိုင်ငံတော်သမ္မတကြီး၏ အိန္ဒိယခရီးစဉ်

နှစ်အနေဖြင့် အသင့်ထုတ်လုပ်ပြီး အစိတ်အပိုင်းများဖြင့် ဆောက်လုပ်ထားသော နေအိမ်စုစုပေါင်း (၂၅၀)လုံးကို ရွှေဇောကျေးရွာတွင် (၁၄၈)လုံး၊ နံ့သာတောင်ကျေးရွာတွင်(၄၂)လုံး၊ ကြိမ်ချောင်းတောင်ကျေးရွာတွင် (၆၀)လုံး တည်ဆောက်ပေးခဲ့ပြီးဖြစ်၍ (၉-၇-၂၀၁၉)ရက်နေ့တွင်ပြည်နယ်အစိုးရသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

ပြည်နယ်အစိုးရသို့နေအိမ်များလွှဲပြောင်းပေးခြင်း

ဆက်လက်၍ ရသေ့တောင်၊ မောင်တော၊ ဂွမြို့နယ်များတွင် မူလတန်းကြို ကျောင်း(၃)ကျောင်းတည်ဆောက်မည့်စီမံကိန်း၊ရခိုင်ပြည်နယ်အတွင်းစက်မှုလယ်ယာဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်မည့်စီမံကိန်း၊ ဘူးသီးတောင်မြို့နယ်၊ ကျဲရိုင်း- အိုးဖြူလမ်းခင်းခြင်း၊ ကျောင်းတောင် - ကျွန်းပေါက်ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်းခြင်းစီမံကိန်း၊ ပြည်နယ်အတွင်းရှိ မြို့နယ်(၅)မြို့နယ်တွင်

နေအိမ်များဆောက်လုပ်ပြီးစီးမှု

ဆိုလာစနစ်ဖြင့် ဓာတ်အားပေးမည့်စီမံကိန်းနှင့် မြောက်ဦးမြို့နယ်ဆေးရုံ စွန့်ပစ်ပစ္စည်းမှ စွမ်းအင်ပြန်လည်ထုတ်ယူနိုင်သော စက်ရုံတည်ဆောက်ခြင်း၊ ဂွမြို့နယ်တွင် မျိုးစေ့သိုလှောင်ရုံများနှင့် ရေပေးဝေရေးစနစ် တည်ဆောက်ရေး စီမံကိန်းတို့ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ရာ အဆိုပါ လုပ်ငန်းများနှင့် စပ်လျဉ်းသည့် Project Agreement (၅)ခုကို နိုင်ငံတော်သမ္မတကြီး၏ (၂၆-၂-၂၀၂၀) မှ(၂၉-၂-၂၀၂၀)နေ့ထိ အိန္ဒိယနိုင်ငံသို့ သွားရောက်သည့် ခရီးစဉ်အတွင်း လက်မှတ်ရေးထိုးခဲ့ပြီး စီမံကိန်းများစတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

(ခ) ဂျပန်နိုင်ငံက ၂၀၁၈ ခုနှစ်က ဂျပန်ယန်းငွေ (သန်း ၃၃၀ )ဖြင့် ကြိမ်ချောင်းတောင်တွင်ကျေးရွာနေအိမ်(၅၁)လုံးနှင့်အများသုံးအဆောက်အအုံ(၁)လုံး၊အိုးထိန်းကျေးရွာတွင်နေအိမ်(၅၀)လုံးနှင့် အများသုံးအဆောက်အအုံ(၁)လုံး တည်ဆောက်မှု လုပ်ငန်းများအားပြီးစီးခဲ့၍ (၁၁-၇-၂၀၁၉)ရက်နေ့တွင် ပြည်နယ်အစိုးရသို့ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။မောင်တောမြို့နယ် ပြည်သူ့ဆေးရုံအဆောက်အအုံသစ်နှင့် ဆက်စပ်ပစ္စည်းများအတွက် အမေရိကန်ဒေါ်လာ(၄၈၀,၀၀၀)ခန့် ပေးအပ်ထောက်ပံ့မည့် သဘောတူစာချုပ်ကို (၂၄-၃-၂၀၂၀) ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။ မောင်တောမြို့နယ်ဆေးရုံကို ခုတင်(၅၀)ဆံ့မှ ခုတင် (၁၀၀)ဆံ့ဆေးရုံအဖြစ် အဆင့်မြှင့်တင်မည်ဖြစ်ပြီး ဂျပန်နိုင်ငံမှ အလှူငွေဖြင့် ဆေးရုံ၏ ပြင်ပလူနာဆောင်၊ အရေးပေါ် လူနာဆောင်နှင့် အထူးကြပ်မတ်ကုသဆောင် ဆောက်လုပ်ခြင်းနှင့် လိုအပ်သော ဆက်စပ်ပစ္စည်းများတပ်ဆင်ခြင်းတို့ကို တစ်နှစ်အတွင်းပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ဂ) တရုတ်နိုင်ငံက လှူဒါန်းသည့် Assembled Board House (၁၁၀၀)အနက် (၁၀၀) လုံးသည်(၆-၁-၂၀၁၈)နေ့တွင်လည်းကောင်း၊(၁၀၀၀)လုံးသည်(၂၈-၁၀-၂၀၁၈) နေ့တွင်လည်းကောင်းရောက်ရှိခဲ့ရာ အဆိုပါ Assembled Board House များကို လှုဖိုးခေါင်စခန်းသို့ ပို့ဆောင်ထားပြီး ဖြစ်ပါသည်။ ယင်းတို့အနက် (၉၀)လုံးကို တပ်ဆင်ခြင်း၊ မီးလိုင်းသွယ်တန်းခြင်းတို့ဖြင့် အသင့်အခြေချ တပ်ဆင်ဆောင်ရွက်ပြီးဖြစ်ပါသည်။ အလုံး(၁၀၀၀)အနက် (၁၀၀)လုံးကို တပ်ဆင်မှုပြုထားပြီး လိုအပ်ပါက အခိုင်အမာအခြေချဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကျန် Assembled Board House များကို ပြန်လည်ဝင်ရောက်လာသူများအတွက် Cash for Work အစီအစဉ်ဖြင့် နေအိမ်ဆောက်လုပ်နေစဉ်အတွင်း ယာယီနေထိုင်နိုင်ရေးတွင် အသုံးပြုသွားမည်ဖြစ်ပါသည်။

## လုပ်ငန်းစဉ် (၃)
## ဒေသဖွံ့ဖြိုးရေးနှင့် ရေရှည်ပဋိပက္ခကင်းဝေးရေး

၃၆။ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေခြင်းသည် ရခိုင်ပြည်နယ်တွင် နှစ်ကာလရှည်လျားစွာ ဖြစ်တည်လျက်ရှိသော ပြဿနာ၏ အဓိကအကြောင်းအရင်းဖြစ်သည့်အတွက် ရခိုင်ပြည်နယ် တစ်ခုလုံး ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးမွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးစသည့်ကဏ္ဍစုံတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ အလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စီမံချက်များရေးဆွဲဆောင်ရွက်နေသကဲ့သို့ UEHRD ၏ Task Force များကလည်း ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကစိန်ခေါ်မှုဖြစ်သော လူ့အဖွဲ့အစည်းများအကြား ပေါင်းစည်းနေထိုင်နိုင်ရေးနှင့် ရေရှည်ပဋိပက္ခကင်းဝေးရေးတို့အတွက် ပါဝင်ဆောင်ရွက်လျှက်ရှိပါသည်။

၃၇။ လူမှုပေါင်းစည်းရေးအတွက် ဒေသနေလူမှုအသိုက်အဝန်းအသီးသီးက ကိုယ်စားလှယ်များကို ဖိတ်ခေါ်၍ အလုပ်ရုံဆွေးနွေးပွဲများ၊ ဖိုရမ်များကျင်းပပေးခြင်း၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ရင်းနှီးကျွမ်းဝင်ကာ နားလည်မှု၊ ယုံကြည်မှုခိုင်မာစေခြင်းဖြင့် ငြိမ်းချမ်းစွာအတူတကွနေထိုင်ရေး ဖြစ်ပေါ်စေရန် ဆောင်ရွက်ခဲ့မှုများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌအမျိုးသားလွတ်တော်ဒုတိယဥက္ကဋ္ဌဦးဆောင်၍ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော ပဋိပက္ခများ ပြေငြိမ်းရေးနှင့် တင်းမာမှုများ ဖြေလျှော့ရန် နည်းလမ်းများ၊ တိုက်ပွဲရှောင်ပြည်သူများအတွက် လိုအပ်သည့် အကူအညီများ ပေးအပ်နိုင်ရေး၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေတိုရေရှည်ဆောင်ရွက်ရမည့် အစီအမံများကို ညှိနှိုင်းဆွေးနွေးဆောင်ရွက်နိုင်ရန် (၁၀-၄-၂၀၁၉)၊ (၉-၅-၂၀၁၉) နှင့် (၂၀-၅-၂၀၁၉)နေ့များတွင် ရခိုင်ပြည်နယ်လွှတ်တော်၊ ရခိုင်တိုင်းရင်းသား လူ့အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အတွေ့အကြုံရှိသော ပညာရှင်များ၊ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

( ခ ) UEHRD ကော်မတီဒုတိယဥက္ကဋ္ဌပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေးသည် UEHRD ပြည်ထောင်စုစီမံကိန်းလုပ်ငန်းများ အရှိန်မြှင့်တင် အကောင်အထည်ဖော်နိုင်ရန်အတွက် UEHRD ကော်မတီအဖွဲ့ဝင်များ၊ Outreach Working Groupအဖွဲ့ဝင်များနှင့်(၁၉-၅-၂၀၁၉) ရက်နေ့တွင်တွေ့ဆုံ၍ ဒေသ ဖွံ့ဖြိုးရေးနှင့် ရေရှည်ပဋိပက္ခ ကင်းဝေးရေး ကိစ္စရပ်များတွင် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့ပါသည်။ ထို့အပြင် ရခိုင်ပြည်နယ်သို့ အစီရင်ခံသည့် (၂၁)လအတွင်း ကွင်းဆင်းသွားရောက်ခြင်းကို ၂၀၁၉ခုနှစ်၊ ဖေဖော်ဝါရီ လတွင်(၂)ကြိမ်၊ မေလတွင်(၁)ကြိမ်၊ ဩဂုတ်လတွင်(၁)ကြိမ်၊ နိုဝင်ဘာလတွင် (၁)ကြိမ်၊ ဒီဇင်ဘာလတွင် (၁) ကြိမ်၊ ၂၀၂၀ ပြည့်နှစ်အတွင်း ဇန်နဝါရီလတွင် (၁)ကြိမ်၊ ဖေဖော်ဝါရီလတွင်(၂)ကြိမ်၊ ဧပြီလတွင်(၁)ကြိမ်ဖြင့် ကော်မတီအတွင်းရေးမှူး လိုက်ပါ၍ဖြစ်စေ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါ၍ဖြစ်စေ စုစုပေါင်း(၁၀)ကြိမ် သွားရောက်ခြင်း၊ လုံခြုံရေးကန့်သတ်ချက်၊ COVID-19 ကန့်သတ်ချက်များကြောင့် Online စနစ်ဖြင့် ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ခြင်းတို့ဖြင့် ကော်မတီလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

**ဒေသဖွံ့ဖြိုးရေးနှင့်ရေရှည်ပဋိပက္ခကင်းဝေးရေး ဆွေးနွေးခြင်း**

( ဂ ) ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့်ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ရေးဗဟိုကော်မတီ (၂/၂၀၁၇) အစည်းအဝေးဆုံးဖြတ်ချက်အရ ရခိုင်ပြည်နယ်အတွင်း ရေရှည် တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရန်နှင့်လူအဖွဲ့အစည်းများအကြား သဟဇာတဖြစ်မှုကိုဖော်ဆောင်ရေးအတွက် အခွင့်အလမ်းများနှင့် လိုအပ်ချက်များ ရှာဖွေဖော်ထုတ်ရေးအတွက် “ရခိုင်ပြည်နယ် ပူးတွဲဆန်းစစ်

**ရခိုင်ပူးတွဲဆန်းစစ်ချက်အစီရင်ခံစာအကျဉ်းအသိပေးဖြန့်ဝေခြင်း**

ချက် (Rakhine Joint Assessment)ကို UNDP နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပေါင်းစပ်ဆောင်ရွက်ခဲ့ပါသည်။ ပူးတွဲဆန်းစစ်ချက်အစီရင်ခံစာအကျဉ်း အသိပေးဖြန့်ဝေခြင်းကို (၂၀-၉-၂၀၁၉)နေ့တွင်နေပြည်တော်၌လည်းကောင်း၊ (၂၄-၉-၂၀၁၉)နေ့တွင် စစ်တွေမြို့၌ လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။

(ဃ) ရခိုင်ပြည်နယ် ဝန်ကြီးချုပ်ဦးညီပုသည် ရခိုင်ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း တောင်ကုတ်မြို့နယ်၊ သံတွဲမြို့နယ်၊ ဂွမြို့နယ်နှင့် ကျောက်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာများသို့ (၈)ကြိမ်သွားရောက်ကာ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး အဆိုပြုတင်ပြချက်များအပေါ်ချက်ချင်း ဆောင်ရွက်ပေးနိုင်သည့်ကိစ္စရပ်များကို ဖြေရှင်းခဲ့ပြီး ရေတိုရေရှည်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို စီမံကိန်းများတွင် ထည့်သွင်းရေးဆွဲ ဆောင်ရွက်လျှက်ရှိပါသည်။

( c ) ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကစိန်ခေါ်မှုဖြစ်သော လူ့အဖွဲ့အစည်းများအကြား ပေါင်းစည်းနေထိုင်နိုင်ရေးနှင့် ရေရှည်ပဋိပက္ခကင်းဝေးရေး တိုးမြှင့်နိုင်ရန် နယ်ပယ်အသီးသီးမှ အမျိုးသမီးများ တွေ့ဆုံသည့် Women's Evening in Rakhine အခမ်းအနားကို (၁၁-၇-၂၀၁၉) နေ့တွင် စစ်တွေမြို့၌ ကျင်းပခဲ့ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms.Christine Schraner Burgener လည်းပါဝင် တက်ရောက်ခဲ့ပါသည်။

**Ms.Christine Schraner Burgener စစ်တွေမြို့၌ တွေ့ဆုံခြင်း**

( စ ) ရခိုင်ပြည်နယ်အတွင်းရှိ တက္ကသိုလ်ဝင်တန်းအောင်ကလေးများအား တက္ကသိုလ်ပညာတက်ရောက်နိုင်ရေး ပညာသင်ထောက်ပံ့ကြေးပေးသည့် အစီအစဉ်တွင် နော်ဝေနိုင်ငံနှင့် ဒိန်းမတ်နိုင်ငံတို့မှ ပညာသင်ဆု (၁၀၀)ဆုနှင့် ကွဲပြားခြားနားမှုနှင့် အမျိုးသားရေး သဟဇာတဖြစ်မှုဆိုင်ရာ လေ့လာရေးအဖွဲ့ (Centre for Diversity and National Harmony-CDNH) မှ ၎င်းတို့ရရှိမည့် Overhead Cost ဖြင့် ထပ်မံ၍ (၆)ဆု စုစုပေါင်း (၁၀၆)ဆုတို့အတွက် ပညာသင်ထောက်ပံ့ကြေးအနေဖြင့် လစဉ် အမေရိကန်ဒေါ်လာ (၂၀၀) (မြန်မာငွေကျပ်) (၃၀၀၀၀၀/-)ကို ပေးအပ်မည် ဖြစ်ပါ

သည်။ အဆိုပါအစီအစဉ်တွင် ရခိုင်၊ မွတ်စလင်၊ ဟိန္နူ၊ စသည့် လူမှုအသိုက်အဝန်းများမှ ဘာသာလူမျိုးပေါင်းစုံ ပါဝင်မည်ဖြစ်ပါသည်။

**Camp Closure Strategy အကောင်အထည်ဖော်မှုများတွင် ပါဝင်ဆောင်ရွက်မှု**

၃၈။ ရခိုင်ပြည်နယ်အပါအဝင် ဒေသအချို့တွင်တည်ရှိနေသည့် IDP စခန်းများကို ပိတ်သိမ်း၍ စနစ်တကျ ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန် ရေးဆွဲထားပြီး ဖြစ်သော ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ အကောင်အထည်ဖော်ဆောင်ရွက်မှု လုပ်ငန်းစဉ်များတွင် UEHRD ကလည်း တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် (၃-၂-၂၀၂၀)နေ့တွင် ရခိုင်ပြည်နယ်၊ **ကျောက်ဖြူမြို့၊ ကျောက်တစ်လုံး IDP** သို့ ကော်မတီဒုဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်ဦးဆောင်သော အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ UEHRD ကော်မတီဝင်များ၊ Task Force အဖွဲ့ဝင်များသည် စခန်းအတွင်းနေထိုင်သူများအား တွေ့ဆုံဆွေးနွေးခြင်း၊ ကျောက်ဖြူမြို့၌ ပြန်လည်နေရာချထားမည့်နေရာမှ ကိုယ်စားလှယ်များ၊ IDP စခန်းမှ ကိုယ်စားလှယ်များအား နှစ်ဘက်တွေ့ဆုံဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ကျောက်တစ်လုံးIDPစခန်းကို အမျိုးသားအဆင့်မဟာဗျူဟာနှင့်အညီ ပိတ်သိမ်းနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးများကို ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လအထိ အွန်လိုင်းမှ (၂)ကြိမ်၊ စစ်တွေမြို့၊ ပြည်နယ်အစိုးရ အဖွဲ့ရုံး၌ (၂)ကြိမ် ကျင်းပပြီး စခန်းပိတ်သိမ်းရေးကို သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် စီမံကိန်းများရေးဆွဲဆောင်ရွက်နိုင်ရေး ကြိုးပမ်းလျက်ရှိပါသည်။

**ကျောက်ဖြူ၊ ကျောက်တစ်လုံး IDP စခန်းပိတ်သိမ်းရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး**

**အာဆီယံနှင့်ပူးပေါင်းဆောင်ရွက်မှု**

၃၉။ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီပေးရေး၊ ပြန်လည်လက်ခံရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အာဆီယံနိုင်ငံများကလည်း နီးကပ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိရာ အစီရင်ခံသည့်ကာလအတွင်း ဆောင်ရွက်နိုင်မှုများကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်-

(က) နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းတွင် ကနဦးလိုအပ်ချက်များကို လေ့လာဆန်းစစ်ဖော်ထုတ်နိုင်ရေးအတွက် (၄-၃-၂၀၁၉)နေ့ မှ (၆-၃-၂၀၁၉)နေ့ အထိ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ AHA Centreနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ ဖြစ်သောအင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်္ကာပူနှင့် ထိုင်းနိုင်ငံတို့မှ (ASEAN – ERAT) အဖွဲ့ဝင် များသည် နေပြည်တော်၌ Preparation Workshop (Including Safety and Security Training) ပြုလုပ်ခြင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်တွင်ဆက်စပ်ပတ်သက်နေသည့် အဖွဲ့အစည်းများမှတာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခြင်းတို့ဆောင်ရွက်ခဲ့ပါသည်။ (၇-၃-၂၀၁၉)မှ (၁၃-၃-၂၀၁၉)နေ့အထိ မောင်တောမြို့ရှိ ငါးခူရပြန်လည်လက်ခံရေးစခန်းနှင့် လှဖိုးခေါင်ကြားစခန်းတို့တွင် ကနဦးလိုအပ်ချက် ဆန်းစစ်လေ့လာမှုများဆောင်ရွက်ခဲ့ကြပါသည်။

**ASEAN– ERAT အဖွဲ့ဝင်များ ငါးခူရ ပြန်လည်လက်ခံရေးစခန်းတွင် လက်တွေ့ဆောင်ရွက်စဉ်**

(ခ) AHA Centre မှ ASEAN–ERATအဖွဲ့၏ ကနဦးလိုအပ်ချက်ဆန်းစစ် လေ့လာတွေ့ရှိချက်များကို အစီရင်ခံစာပြုစု၍ မြန်မာနိုင်ငံ၏အတည်ပြုချက် ရယူကာ ၂၀၁၉ ခုနှစ် မေလနှင့် ဇွန်လများအတွင်းက ဖြန့်ဝေခဲ့ပါသည်။

(ဂ) ကနဦးလိုအပ်ချက်ဆန်းစစ် လေ့လာတွေ့ရှိချက် အစီရင်ခံစာပါ အကြံပြုချက်များအား ဆက်လက်အကောင်အထည် ဖော်ရေးအတွက်ပထမအကြိမ်အဆင့်မြင့် အရာရှိများညှိနှိုင်းအစည်းအဝေး

**ဒုတိယအကြိမ်အဆင့်မြင့်အရာရှိများညှိနှိုင်းအစည်းအဝေး**

ကို(၁၈-၁၂-၂၀၁၈)နေ့တွင်လည်းကောင်း၊ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို (၂၇-၅-၂၀၁၉) နေ့တွင်လည်းကောင်း၊ တတိယအကြိမ်အစည်းအဝေးကို(၂၇-၇-၂၀၂၀)နေ့တွင် လည်းကောင်း

**တတိယအကြိမ်အဆင့်မြင့်အရာရှိများညှိနှိုင်းအစည်းအဝေး**

ကျင်းပပြုလုပ်ပြီး ပူးပေါင်းဆောင်ရွက်နိုင်မည့်နယ်ပယ် (Potential Area for Collaboration)(၃)ခုပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ Technical Working Group ကို UEHRDမှ ကိုယ်စားလှယ်အပါအဝင်သက်ဆိုင်သည့်ဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိရာ အဆိုပြုစီမံကိန်း(၃၈)ခုကို ဖော်ထုတ်ခဲ့ပြီး ပထမဦးစားပေးအဖြစ်စီမံကိန်း(၇)ခုကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ဃ) ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအစိုးရ၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို နိုင်ငံတကာမှသိရှိနိုင်ရန် (၁၄-၆-၂၀၁၉)ရက်နေ့တွင် အာဆီယံအတွင်းရေးမှူးချုပ် Dato Lim Jock Hoi ကနိုင်ငံတကာမှ အာဆီယံဆိုင်ရာအမြဲတမ်းကိုယ်စားလှယ်များ၊ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ သံအမတ်ကြီးနှင့် သံတမန်များကို တွေ့ဆုံအသိပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ AHA Centre မှ ဒုတိယ အမှုဆောင်ညွှန်ကြားရေးမှူး Mr. Arnel Capiliကလည်း ASEAN အဖွဲ့၏ ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်ခဲ့သည့် ကနဦးလိုအပ်ချက် ဆန်းစစ်လေ့လာတွေ့ရှိချက် အစီရင်ခံစာအား မိတ်ဆက်ရှင်းလင်းမှုများဆောင်ရွက်ခဲ့ပါသည်။

( c) ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်အတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် သတင်းအချက်အလက်များ ဖြန့်ဝေနိုင်ရန် (၂၇-၇-၂၀၁၉)မှ (၂၉-၇-၂၀၁၉)ထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဒါကာမြို့၌ ကျင်းပသည့်နေရပ်စွန့်ခွာသူများအားပြန်လည်လက်ခံရေး ပူးတွဲလုပ်ငန်း အဖွဲ့၏ တတိယအကြိမ်မြောက် လုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပချိန်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ဦးဆောင်သည့်လုပ်ငန်းအဖွဲ့ဝင်များနှင့်

အတူ AHA Centre နှင့် ASEAN – ERAT အဖွဲ့ဝင်များသည် ကော့စ်ဘဇားရှိ ဒုက္ခသည်စခန်းများသို့ သွားရောက်ခဲ့ခြင်း၊ ပြန်လည်လက်ခံရေးအတွက် အစိုးရမှ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားခြင်းနှင့် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ဆိုင်ရာ Fact Sheet များကို ဖြန့်ဝေခြင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ AHA Centre နှင့် ASEAN–ERATအဖွဲ့ဝင်များသည် (၁၇–၁၂–၂၀၁၉)မှ (၂၀–၁၂–၂၀၁၉)နေ့ထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကော့စ်ဘဇားသို့ ဒုတိယအကြိမ်သွားရောက်၍ တာဝန်ရှိသူများ နေရပ်စွန့်ခွာသူများနှင့် တွေ့ဆုံရှင်းလင်းမှုများ ဆောင်ရွက်ခဲ့ပါသည်။

(စ) နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် AHA Centreနှင့် ASEAN–ERAT အဖွဲ့ဝင်များသည် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွင် လေ့လာသူအဖြစ် (၂၁–၈–၂၀၁၉)နေ့မှ (၂၃–၈–၂၀၁၉) နေ့အထိ UEHRD ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအပါအဝင် တာဝန်ရှိသူများနှင့်အတူ ရခိုင်ပြည်နယ် မောင်တောမြို့၊ တောင်ပြုလက်ဝဲစခန်းသို့ သွားရောက်စောင့်ဆိုင်းခဲ့သော်လည်း ပြန်လည်ဝင်ရောက်လာခြင်းမရှိခဲ့သည့်အတွက် ပြန်လည်လက်ခံရေးလုပ်ငန်း စတင်နိုင်ခြင်းမရှိခဲ့ပါ။

**ပြန်လည်လက်ခံရေးအတွက် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မှု**

၄၀။ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ Arrangement ဖြစ်သော “The Arrangement on Return of the Displaced Persons from Rakhine State” နှင့် “Physical Arrangement for Repatriation of Displaced Myanmar Residents from Bangladesh under the Arrangement on Return of the Displaced Persons from Rakhine State” တို့နှင့်အညီ နှစ်နိုင်ငံကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော ပူးတွဲလုပ်ငန်းအဖွဲ့ (Joint Working Group–JWG) သည် အစီရင်ခံသည့်ကာလအတွင်း အစည်းအဝေး(၅)ကြိမ်ကို အောက်ပါအတိုင်း ကျင်းပပြီးပြန်လည်လက်ခံရေးလုပ်ငန်းများအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်–

| စဉ် | ကျင်းပသည့်နေရက် | ကျင်းပသည့်အကြိမ် | ကျင်းပသည့်နေရာ |
|---|---|---|---|
| ၁ | ၁၅–၁–၂၀၁၈ | ပထမအကြိမ် | နေပြည်တော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၂ | ၁၇–၅–၂၀၁၈ | ဒုတိယအကြိမ် | ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အစိုးရဧည့်ဂေဟာ |
| ၃ | ၃၀–၁၀–၂၀၁၈ | တတိယအကြိမ် | ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဒါကာမြို့ |
| ၄ | ၃–၅–၂၀၁၉ | စတုတ္ထအကြိမ် | နေပြည်တော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၅ | ၁၈–၁၂–၂၀၁၉ မှ ၁၉–၁၂–၂၀၁၉ ထိ | ပဉ္စမအကြိမ် | ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကော့ခ်ဘဇား |

**UNDP၊ UNHCR တို့နှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေ**

၄၁။ ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံအစိုးရကိုယ်စား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနနှင့် UNDP၊ UNHCR တို့အကြား နားလည်မှုစာချွန်လွှာကို (၆-၆-၂၀၁၈)နေ့တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။ အဆိုပါ နားလည်မှုစာချွန်လွှာကို မူလစာသား ပြောင်းလဲခြင်းမရှိဘဲ Exchange of Letter လက်မှတ်ရေးထိုးမှုကို (၂၈-၅-၂၀၁၉)နေ့နှင့် (၁၁-၅-၂၀၂၀)နေ့တို့တွင် သက်တမ်းတိုးလက်မှတ်ရေးထိုးမှုများ ပြုလုပ်ခဲ့၍ (၅-၆-၂၀၂၁)နေ့ထိ သက်တမ်းတိုးမြှင့်ခဲ့ပါသည်။ MoU ပါလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ UNDP ၊ UNHCR တို့မှ ကိုယ်စားလှယ်များနှင့် နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ (TWG) ဖွဲ့စည်းခဲ့ပြီး ၂၀၂၀ ပြည့်နှစ်၊ သြဂုတ်လအထိ ညှိနှိုင်းအစည်းအဝေး (၁၂)ကြိမ် ကျင်းပကာ ရခိုင်ပြည်နယ်အတွင်း ကျေးရွာပေါင်း(၁၂၀)ကျော်ကို ကွင်းဆင်းသွားရောက်၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ Quick Impact Project (၁၁၇)ခုကို ရေးဆွဲခဲ့သည့်အနက်(၇၅)ခုကိုမောင်တောမြို့နယ်တွင် ကျေးရွာ(၈၆)ရွာ၊ ဘူးသီးတောင်မြို့နယ်တွင် ကျေးရွာ(၂၂)ရွာတို့၌ ရပ်ရွာအခြေခံဆောက်အအုံများ ဆောက်လုပ်ပြုပြင်ခြင်းလုပ်ငန်း(၂၂)ခု၊ ရေနှင့်သန့်ရှင်းရေးဆိုင်ရာလုပ်ငန်း(၂၀)ခု၊ မိသားစုဝင်ငွေတိုးလုပ်ငန်း(၂၁)၊ ဆင်းရဲနွမ်းပါးနှင့် ထောက်ပံ့ရန်အထူးလိုအပ်ချက်ရှိသူများ ထောက်ပံ့ခြင်းလုပ်ငန်း(၁၀)ခု၊ အသိပညာပေးသင်တန်းစီမံကိန်း(၂)ခု တို့အဖြစ် ကဏ္ဍအလိုက် ခွဲခြား အကောင်အထည်ဖော်လျက်ရှိပါသည်။ Medium Term Project များလည်း ရေးဆွဲနိုင်ရေးဆောင်ရွက်လျှက်ရှိပါသည်။

**COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ပါဝင်ဆောင်ရွက်မှု**

၄၂။ UEHRD ကော်မတီဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ပြည်တွင်းနေရပ်စွန့်ခွာသူများအတွက် COVID-19 ရောဂါနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေး နိုင်ရန် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်း/ပြည်ပအစိုးရ မဟုတ်သောအဖွဲ့အစည်းများနှင့်

COVID-19 ရောဂါနှင့်ပတ်သက်၍ Video Conferencing စနစ်ဖြင့် ဆွေးနွေးခြင်း

Video Conferencing စနစ်ဖြင့် ဆွေးနွေးခြင်းကို (၂၇-၃-၂၀၂၀)နေ့တွင်လည်းကောင်း၊ တိုက်ပွဲရှောင်စခန်းများ၊ IDP စခန်းများတွင် COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေး ဆိုင်ရာ စီမံချက်ရေးဆွဲခြင်းစီမံချက်ပါအတိုင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ အသိပညာပေးခြင်းနှင့် ထောက်ပံ့ခြင်းများကို ရခိုင်ပြည်နယ်တွင်(၂၈-၃-၂၀၂၀)နေ့မှစတင်၍လည်းကောင်း စဉ်ဆက်မပြတ်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် COVID-19 ကာကွယ်ထိန်းချုပ်ရေးအတွက် ထောက်ပံ့မှုများပြုလုပ်ပေးခြင်း

၄၃။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့်IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် COVID-19 ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ကြိုတင်ပြင် ဆင်မှုများ ဆောင်ရွက်နိုင်ရေးအတွက် ထောက်ပံ့မှုပေးရာတွင်အဝတ်နှာခေါင်းစည်းMask(၃၉၀၁၀)ခု တန်ဖိုးကျပ်သန်း (၁၀၄.၂၆၂) ၊ ရေမလိုလက်သန့်ဆေးရည် (၇၈၀၀၀)ဘူး တန်ဖိုးကျပ်သန်း (၁၇၁.၆၀၀)၊ အပူချိန်တိုင်းကိရိယာ(၃၁၉)ခုတန်ဖိုး ကျပ်သန်း(၁၉.၇၀၉)၊ လက်ဆေးဘေစင် (၇၇၄)ခု တန်ဖိုးကျပ်သန်း(၁၁၆.၀၀၇)၊ မျက်နှာအကာ (Face Shield) (၁၇၄၉၈)ခု တန်ဖိုးကျပ်သန်း (၁၂.၂၄၉)၊ ဆပ်ပြာခဲ(၁၀၁၅၄၇၅)ခဲ တန်ဖိုး ကျပ်သန်း(၄၆၄.၂၉၈)၊ ထုံးအိတ်(၁၀၂၈၀)အိတ် တန်ဖိုးကျပ်သန်း (၅၀.၅၁၃)နှင့် Quarantine Centre အဖြစ် သုံးစွဲမည့် ယာယီတဲအဆောင် (Long House)(၃၀)လုံး တန်ဖိုးကျပ်သန်း (၂၆၆.၄၀၀)၊ စုစုပေါင်း ကျပ်သန်း(၁၂၀၅.၀၃၈)တန်ဖိုးရှိ ပစ္စည်းများကို ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။

CERP အရ IDP စခန်းများ၊ တိုက်ပွဲရှောင်စခန်းများတွင် ထောက်ပံ့မှုများပြုလုပ်ခြင်း

၄၄။ ၎င်းအပြင် COVID-19 ကုစားမှုအစီအစဉ် (CERP)အရ IDP စခန်းများတွင် ရေရရှိရေး ဆောင်ရွက်ခြင်း လုပ်ငန်းအတွက် ကျပ်သန်း (၁၈၄.၅၅၄)၊ Quarantine Centre အဖြစ် အသုံးပြုမည့် ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်ခံအဆောက်အဦ (Shelter)(၄)လုံးတွင် လက်ဆေးဘေစင် တပ်ဆင်ခြင်းအတွက် ကျပ်(၆)သန်း၊ စစ်တွေ၊ မြောက်ဦး၊ မောင်တော၊ ကျောက်ဖြူမြို့ များရှိ တိုက်ပွဲရှောင်စခန်းများနှင့် IDP စခန်းများမှ အိမ်ထောင်စု(၄၀၁၀၃)အတွက် စားသောက်ကုန် (ဆန်၊ဆီ၊ဆား၊ပဲ၊)ဝယ်ယူရန် တစ်အိမ်ထောင်လျှင်(၄၀၀၀၀)ကျပ်နှုန်းဖြင့် ငွေကျပ် (၁၆၀၄.၁၂)သန်း တို့ကို ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။

၄၅။ စစ်တွေမြို့ Quarantine Centre များရှိ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက် (၅)နှစ်အောက် ကလေးများနှင့် အသက်(၆၀)နှစ်နှင့်အထက် ဘိုးဘွားတို့အား တစ်ဦးလျှင်(၃၀,၀၀၀)ကျပ်နှုန်းဖြင့် စုစုပေါင်းငွေကျပ် (၄,၂၃၀,၀၀၀) ပေးအပ်ခဲ့ပါသည်။ ၎င်းအပြင် LIFT Fund ၏ ကူညီထောက်ပံ့ငွေဖြင့်COVID-19ဖြစ်ပွားသည့်ကာလအတွင်း ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်(၂)နှစ်အောက်ကလေးငယ်များအား ငွေကြေးထောက်ပံ့ပေးခြင်းနှင့် အကျိုးခံစားခွင့်ရှိသူ (၁၃၇၆၃၂)ဦးအား ငွေကျပ်(၄၁၂၈၉.၆၀၀)သန်းအား ထောက်ပံ့ပေးပြီးဖြစ်ပါသည်။ လူမှုရေးပင်စင် အကျိုးခံစားခွင့်ရှိသူ (၁၀၆၁၅)ဦးအတွက် COVID 19 ဖြစ်ပွားသည့်ကာလအတွင်း တစ်ဦးလျှင် ငွေကျပ် (၃၀၀၀၀)နှုန်းဖြင့် (၃၁၈.၄၅၀)ကျပ်သန်းထောက်ပံ့ပေးပြီးဖြစ်ပါသည်။ အလိုတော်ပြည့်တိုက်ပွဲရှောင် စခန်းတွင် ရသေ့တောင်မြို့နယ်မှ သုံးမွာပူးမွေးဖွားသည့် မိခင်တစ်ဦးအား (၁၄-၇-၂၀၂၀)နေ့တွင် ကျပ် (၅)သိန်း ထောက်ပံ့ပေးခဲ့ပါသည်။

၄၆။ UEHRD ကော်မတီ၊ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းအဖွဲ့၏ ညှိနှိုင်းဆောင်ရွက်မှုဖြင့် ရခိုင်ပြည်နယ်အတွင်း COVID-19 ရောဂါကာကွယ်ထိန်းချုပ်ကုသရေးတွင်အသုံးပြုနိုင်ရန်အတွက် PPE ဝတ်စုံ(၁၀၀)ကိုပေးပို့လှူဒါန်းခဲ့ပါသည်။ COVID-19 ရောဂါနှင့်စပ်လျဉ်းပြီး ပြည်သူများသို့ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အသိပေးကြေညာချက်များကို အနုပညာရှင်များ၊ တိုင်းရင်းသားဘာသာပြန်ဆို၍ တိုင်းရင်းသားအနုပညာရှင်များ၊ ရခိုင်ပြည်နယ်အတွင်းရှိ လူ့အသိုက်အဝန်းအားလုံးအတွက် သက်ဆိုင်ရာအလိုက် ရခိုင်၊ ဘင်္ဂလီ၊ ဟင်ဒီဘာသာစကား တတ်ကျွမ်းသူများဖြင့် ဖတ်ကြားအသံသွင်း၍ အသံဖိုင်များကို စီစဉ်ဆောင်ရွက်ခြင်း၊ အဆိုပါ အသံဖိုင်များကို လက်ကိုင်အသံချဲ့စက်များတွင် ထည့်သွင်းပြီး အသိပေးကြေညာမှုများ ဆောင်ရွက်နိုင်ရန် ကျပ်(၇၅၀၀၀၀/-) တန်ဖိုးရှိသည့် လက်ကိုင်အသံချဲ့စက်အလုံး (၃၀) ကို ပေးပို့လှူဒါန်းခြင်းဆောင်ရွက်ခဲ့ပါသည်။ (၁၃-၅-၂၀၂၀) နေ့တွင် မြန်မာ-အီတလီချစ်ကြည်ရေး Giuseppe Malpeli အသင်းက UEHRD ကော်မတီမှတစ်ဆင့် လှူဒါန်းသည့် ငွေကျပ်(၆)သိန်းတန်ဖိုးရှိ ကိုယ်အပူချိန်တိုင်းကိရိယာ (Non-contact Infrared Thermometer)(၁၀)ခုကို တိုက်ပွဲရှောင်စခန်းများနှင့် ပြည်တွင်းနေရပ်စွန့်ခွာသူများ ယာယီခိုလှုံရာစခန်းများတွင် ဖြန့်ဝေဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၂၂)ရက်နေ့က စက်ာပူနိုင်ငံ Asia Philanthropy Circle (APC)သည် UEHRD ကော်မတီမှတစ်ဆင့် ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်းများနှင့် ယာယီခိုလှုံရာစခန်း IDP Camp များတွင် နေထိုင်ကြသူများအတွက် COVID-19 ရောဂါကာကွယ်ရေး လုပ်ငန်းများတွင် သုံးစွဲရန် အမေရိကန်ဒေါ်လာ (၂၆၉၈၀) တန်ဖိုးရှိ အရည်အသွေးမြင့် ပြန်လည်အသုံးပြုနိုင်သည့် သီးခြားစီ ပလပ်စတစ်အိတ်ဖြင့်ထည့်၍ ဇစ်ဖြင့် ပိတ်ထားသော အနက်ရောင်အဝတ်နှာခေါင်းစည်း (Reusable Mask) (၅၃၉၆၀)ကို လှူဒါန်းခဲ့ပါသည်။ (၂၅-၈-၂၀၂၀)နေ့တွင် COVID-19 ကာကွယ်၊ကုသ၊ ထိန်းချုပ်ရေး

ဆိုင်ရာအထောက်အကူပြု ကိစ္စရပ်များဆောင်ရွက်လျက်ရှိသော ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်း လုပ်အားပေးများ၏ နေထိုင်၊ စားသောက်ရေးကိစ္စရပ်များတွင် အသုံးပြုရန် ငွေကျပ်သိန်း (၁၀၀) နှင့် (၃၁-၈-၂၀၂၀)နေ့တွင် ငွေကျပ်(၂၅)သိန်း တန်ဖိုးရှိ အိပ်ယာပစ္စည်းအစုံ(၁၀၀) (မွေ့ယာ၊ ခေါင်းအုံး၊ ခေါင်းအုံးစွပ်၊ စောင်)၊ ငွေကျပ်(၁၀,၀၃၅,၀၀၀) တန်ဖိုးရှိ COVID-19 ရောဂါကုသရာတွင် အသုံးပြုသော သွေးတွင်းဓါတ်ငွေ့နှင့်လျှပ်လိုက်ရည် ဓါတ်ခွဲသည့်အထူးကြေပ်မတ်ကုသခန်း သုံးစက် (The OPTI CCA-TS2 Blood Gas and Electrolyte Analyzer) တစ်လုံးကို ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနသို့ ပေးပို့လှူဒါန်းခဲ့ပါသည်။

**UEHRD ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကျင်းပခြင်း**

၄၇။ UEHRD ကော်မတီ၏ လုပ်ငန်းစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အစီရင်ခံသည့်ကာလအတွင်း ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို (၃၀-၁-၂၀၁၉)၊ (၃၀-၄-၂၀၁၉)၊ (၂၇-၆-၂၀၁၉)၊ (၂-၆-၂၀၂၀)နေ့များတွင်ကျင်းပ၍လည်းကောင်း၊ Online စနစ်ဖြင့်လည်းကောင်း ဆွေးနွေး၍ ကော်မတီ၏လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

UEHRD ၏ တတိယအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး

UEHRD ၏ စတုတ္ထအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး

**UEHRD ၏ နှစ်ပတ်လည်အခမ်းအနားကျင်းပမှု**

၄၈။ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည် နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ပထမအကြိမ် နှစ်ပတ်လည် အခမ်းအနားကို (၁၈-၁၀-၂၀၁၈)နေ့တွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟို ဌာန၌ ကျင်းပခဲ့ပြီး UEHRD ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တက်ရောက်၍ အမှာစကား ပြောကြားခဲ့ပါသည်။ UEHRD ဥက္ကဋ္ဌ ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အမှာစကားပြောကြား ရာတွင် “ယနေ့ဆိုလျှင် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်

ပြည်ထောင်စုတစ်ဝန်းလုံးက ပါဝင်ဆောင်ရွက်ရန် ဆုံးဖြတ်လိုက်သည့်နေ့ တစ်နှစ်ပြည့်ပြီ ဖြစ်ပါကြောင်း၊ သာမန်ပြည်သူများကအစ စီးပွားရေးလုပ်ငန်းရှင်များအထိ ရက်ရက်ရောရော လှူဒါန်းခဲ့ပါကြောင်း၊ တစ်ယောက်ချင်းစီသည် မိမိနိုင်ငံတိုးတက်ရေးအတွက် နိုင်ငံ၏လိုအပ်ချက်များကို ကျရာနေရာမှ သဲတစ်ပွင့် အုတ်တစ်ချပ် ဆောင်ရွက်ပေးမည်ဆိုသည့် စိတ်ဓာတ်ကိုပြသသည်ဟု

ယူဆပါကြောင်း၊ ရခိုင်ပြည်နယ်ငြိမ်းချမ်းရေး၊ အေးချမ်းရေးအတွက် အုပ်စုတစ်ခုနှင့်တစ်ခု သဟဇာတဖြစ်ရေး လူမှုရေးလုပ်ငန်းများသည်လည်း အင်မတန်အရေးကြီးပါကြောင်း၊ လူမှုရေးလုပ်ငန်းများအောင်မြင်ရန် ကျန်းမာရေး၊ ပညာရေးကဏ္ဍများသည်လည်း အရေးကြီးပါကြောင်း၊ အလုပ်တစ်ခုသည် လုပ်ကြည့်မှမည်သို့လုပ်ရသလဲဆိုတာကို နားလည်ပြီး တကယ်လုပ်ကြည့်မှသာ အောင်မြင်နိုင်/မအောင်မြင်နိုင်သည်ဆိုတာကို သိရှိနိုင်ပါကြောင်း၊ ဆောင်ရွက်သည့်အခါတွင် အောင်မြင်သင့်သည့်အရာများအောင်မြင်၍ မျှော်လင့်သလောက် မြန်မြန်ဆန်ဆန်မဖြစ်မြောက်သည်များလည်းရှိပါကြောင်းနှင့် ထိုမဖြစ်မြောက်နိုင်ရသည့် အားနည်းချက်များကို ပြင်နိုင်မည်ဟု မျှော်လင့်ပါကြောင်း” ဖြင့် ထည့်သွင်းပြောကြားခဲ့ပါသည်။

၄၉။ ဒုတိယအကြိမ် နှစ်ပတ်လည် အခမ်းအနားကို (၁၈-၁၀-၂၀၁၉)နေ့တွင် နေပြည်တော်ရှိ Hilton ဟိုတယ်၌ ကျင်းပခဲ့ရာ UEHRD ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် တက်ရောက်၍ အမှာစကားပြောကြားရာတွင် “UEHRD စပြီး ပေါ်လာတာက ၂၀၁၇ ခုနှစ် ရခိုင်ပြည်နယ်မှာဖြစ်တဲ့ ပဋိပက္ခတွေ၊ ပြဿနာတွေကို

အားလုံးစုပေါင်းပြီးလုပ်မယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ဖြစ်ပေါ်လာတာဖြစ်ပြီး ကျွန်မတို့ကစပြီး ပြည်ထောင်စုတစ်ခုလုံး ပါဝင်ရမယ့်လုပ်ငန်းဖြစ်ပါကြောင်း၊ ပြည်ထောင်စုတစ်ခုလုံးပါဝင်ရမယ့်လုပ်ငန်းဆိုတာ ကျွန်မတို့ပြည်ထောင်စုရဲ့ ဘယ်နေရာမှာပဲဖြစ်ဖြစ် အကောင်းဆုံးလုပ်နိုင်ရင် ကျန်တဲ့သူက မုဒိတာပွားနိုင်ရမှာဖြစ်ပါကြောင်း ရခိုင်ပြည်နယ်မှာ အခုဖြစ်ပွားနေတဲ့ ပြဿနာတွေကို နိုင်ငံသူနိုင်ငံသားများပြည်ထောင်စုသားသမီးများအားလုံးရဲ့ပူးပေါင်းဆောင်ရွက်မှုနဲ့ ဖြေရှင်းနိုင်မယ်ဆိုရင် နောင်လာနောက်သားတွေအတွက် အင်မတန်မှတန်ဖိုးဖြတ်လို့မရတဲ့ အမွေအနှစ်တွေဖြစ်လာမည် ဖြစ်ပါကြောင်း၊ ဘယ်လိုအခက်အခဲတွေပဲ ဖြစ်လာဖြစ်လာ ငါတို့နိုင်ငံဟာ ချမ်းသာသေးတဲ့နိုင်ငံ မဟုတ်သော်လည်း၊ အင်အားကြီးနိုင်ငံ တစ်ခုမဟုတ်သော်လည်း ငါတို့ရဲ့စုပေါင်းအင်အားနဲ့ ဒီစိန်ခေါ်မှုတွေကို အားလုံးရင်ဆိုင်နိုင်တယ်၊ ကျော်လွှားနိုင်တယ်ဆိုတဲ့ ယုံကြည်စိတ်ချမှုကို နောင်လာနောက်သားတွေ၊ မျိုးဆက်သစ်တွေကို ပေးသွားချင်ပါကြောင်း၊ ဒီလိုယုံကြည်မှုနဲ့ အင်အားကို ပေးသွားနိုင်မယ်ဆိုရင် နောင်အနာဂတ်မှာ ဘယ်လိုစိန်ခေါ်မှုတွေနဲ့ပဲ မြန်မာနိုင်ငံဟာ ရင်ဆိုင်ရ ရင်ဆိုင်ရ ကျော်လွှားနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း” ဖြင့် လမ်းညွှန်မှာကြားခဲ့ပါသည်။

**UEHRD ကော်မတီ၏ ဒုတိယအကြိမ် နှစ်ပတ်လည်အခမ်းအနား**

**သုံးသပ်တင်ပြချက်**

၅၀။ အစီရင်ခံသည့် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလအတွင်း ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများအပေါ် သုံးသပ်ပါက လုပ်ငန်းစဉ်(၁)ဖြစ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများထိထိရောက်ရောက် ပေးအပ်နိုင်ရေးနှင့် စပ်လျဉ်း၍ အစီရင်ခံသည့် ကာလတွင် ပြည်နယ်အတွင်း AA အကြမ်းဖက်အဖွဲ့အစည်း၏ လုပ်ဆောင်မှုများနှင့် ARSA အကြမ်းဖက်အဖွဲ့၏ နှောင့်ယှက်တိုက်ခိုက်မှုများ ပိုမိုဆောင်ရွက်လာမှုကြောင့် လူသားချင်းစာနာ ထောက်ထားမှုအကူအညီများ ပိုမိုလိုအပ်လာခဲ့သည့်အတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို လိုအပ်သည့်နေရာဒေသတိုင်းသို့ ရောက်ရှိစေရေးအတွက် ပြည်နယ်အစိုးရနှင့် ပူးပေါင်းကာ လတ်တလောစားဝတ်နေရေးထောက်ပံ့မှုများဆောင်ရွက်နိုင်ခဲ့ပါသည်။ သို့သော်လည်း လုံခြုံရေးနှင့် ခရီးသွားလာမှုဆိုင်ရာအကန့်အသတ်များ၊ ပြည်နယ်အတွင်းဖြစ်ပွားလာသော COVID-19 ကူးစက်မှုများကြောင့် အချို့သောနေရာဒေသများတွင် နှောင့်နှေးကြန့်ကြာမှုအချို့ ရှိနိုင်ကြောင်းသုံးသပ်ရပါသည်။

၅၁။ အခက်အခဲများကြားမှ ကော်မတီ၏လုပ်ငန်းများ ဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ပြည်နယ်အစိုးရနှင့် ညှိနှိုင်း၍ ဆောင်ရွက်နေစဉ်မှာပင် ပြည်နယ်အတွင်း COVID-19 ကူးစက်မှုများ ပြန့်ပွားလာသဖြင့် ထောက်ပံ့မှုလုပ်ငန်းများနှင့် COVID-19 ကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းများကို ပူးတွဲဆောင်ရွက်ခဲ့ရပါသည်။

၅၂။ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ အစီရင်ခံသည့်ကာလအတွင်း မြန်မာနိုင်ငံအနေဖြင့် နှစ်ဖက်သဘောတူညီချက်များအတိုင်း တိကျစွာ လိုက်နာအကောင်အထည်ဖော်ခဲ့သော်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် လိုလားစွာလိုက်ပါဆောင်ရွက်နိုင်မှုနည်းပါးခဲ့သည့်အပြင် အချို့သော ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာအသိုင်းအဝိုင်းများ၏ ဘက်ညီမျှတမှုမရှိသော စွပ်စွဲပြောဆိုမှုများ၊ လှုံဆော်တိုက်တွန်းမှုများကြောင့် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်နိုင်ခြင်းမရှိခဲ့ကြောင်း တွေ့ရှိရပါသည်။

၅၃။ အလားတူအရှိန်အဟုန်ရစပြုနေသော ပြန်လည်ထူထောင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များမှလည်း ဒေသတွင်း မတည်ငြိမ်မှုများနှင့် COVID-19 ရောဂါကူးစက်မှုများကြောင့် အရှိန်အဟုန်လျော့ကျခဲ့ရပါသည်။ သို့သော်လည်း ဒေသအတွင်းနေရပ်စွန့်ခွာ နေထိုင်နေရသူများ ပြန်လည်နေရာချထားရေးနှင့် IDP စခန်းများ ပိတ်သိမ်းရေးလုပ်ငန်းစဉ်များကို အခက်အခဲ အဟန့်အတားများကြားက သိသာထင်ရှားစွာ အတိုင်းအတာတစ်ခုအထိ အကောင်အထည်ဖော် နိုင်ခဲ့သည့်အပြင် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြည်နယ်

အစိုးရနှင့် ညှိနှိုင်းကာ လိုအပ်ချက်များ ဖော်ထုတ်ခြင်း၊ အလှူရှင်များရှာဖွေခြင်းတို့ဖြင့် ကော်မတီ၏ လုပ်ငန်းစီမံကိန်းနယ်ပယ်ကို ဒေသလိုအပ်ချက် အပေါ်မူတည်၍ ပြောင်းလဲဆောင်ရွက်နိုင်ခဲ့ပါသည်။

၅၄။ ထိုသို့လုပ်ငန်း စီမံကိန်းများကို ပြုပြင်ပြောင်းလဲ ထောက်ပံ့မှုများ ဆောင်ရွက်ခဲ့ သက့ဲသို့ ကော်မတီနှင့် ကော်မတီလုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းစွမ်းဆောင်ရည်နှင့် ပူးပေါင်းညှိနှိုင်း ချိတ်ဆက်မှုများ ပိုမိုအားကောင်းစေရန်အတွက် စီမံချက်မန်နေဂျာနှင့် ဘဏ္ဍာရေးအကြံပေးများ အဖြစ် ပြင်ပပုဂ္ဂိုလ်များကို အလှူရှင်များ၏ အထောက်အပံ့ဖြင့် ခန့်ထားဆောင်ရွက်ခဲ့ကာ ကော်မတီ၏ စီမံဆောင်ရွက်မှုပိုင်းကို အားဖြည့်နိုင်ခဲ့ပါသည်။

၅၅။ ရခိုင်ပြည်နယ်အတွင်းရှိ လူမှုအသိုက် အဝန်းအားလုံး ငြိမ်းချမ်းရေးနှင့် ရေရှည်တည်တံ့မည့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရရှိစေရန်အတွက် ဘက်ပေါင်းစုံမှ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာ၌ ပြည်သူ့ရေးရာကဏ္ဍများတွင် အထောက်အပံ့ရရှိစေရန်အတွက် ရခိုင်ပြည်နယ်အတွင်းရှိ အစိုးရ ဝန်ထမ်းများအား အုပ်ချုပ်မှုနှင့် ပြည်သူ့ဆက်ဆံရေးဆိုင်ရာသင်တန်းများပေးခြင်း၊ ပြည်သူလူထု အခြေပြု ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများကို အမျိုးသားအဆင့် လမ်းညွှန်ချက်များနှင့်အညီ အားဖြည့်ခြင်းနှင့် အရည်အသွေးမီကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများကို လူတိုင်းလက်လှမ်းမှီနိုင်စေရန် လူထုကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုလက်လှမ်းမှီနိုင်စေရေး ဆောင်ရွက်ခြင်း စီမံချက်အား အစပျိုးဆောင်ရွက်နိုင်ခဲ့သဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်သည်။

၅၆။ အချုပ်အားဖြင့် သုံးသပ်တင်ပြရပါက အစီရင်ခံသည့်ကာလအတွင်း နယ်မြေဒေသအခြေ အနေအရ ကော်မတီ၏လုပ်ငန်းစဉ်များ မျှော်မှန်းထားချက်များအတိုင်း အပြည့်အဝ အကောင် အထည်ဖော်ရန် အဟန့်အတားများ ကြုံတွေ့ရသော်လည်း နည်းလမ်းများရှာဖွေ၍ လုပ်ငန်း ဆောင်ရွက်မှုများကို ရပ်တန့်သွားခြင်းမရှိစေရန် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း တင်ပြအပ်ပါသည်။

## နိဂုံး

၅၇။ စိန်ခေါ်မှုမျိုးစုံရှိနေသော ရခိုင်ပြည်နယ် ငြိမ်းချမ်းမှု၊ တည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့ အတွက် ရေရှည်တည်တံ့မည့် အခြေခံကောင်းများ ဖော်ဆောင်ပေးရန် နိုင်ငံတော်အစိုးရ၏ သံန္ဓိဋ္ဌာန်ပြုထားချက်နှင့်အညီ ဖွဲ့စည်းပေးထားသည့် နိုင်ငံတော်အစိုးရ၊ ပဂ္ဂလိကနှင့် ပြည်သူတို့၏ ပေါင်းစည်းမှုအင်အားဖြစ်သည့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်

အပုံပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း UEHRD ကော်မတီ ဖွဲ့စည်း ဆောင်ရွက်ခဲ့သည်မှာ(၃)နှစ်တင်းတင်းပြည့်ခဲ့ပြီဖြစ်ပါသည်။ (၃)နှစ်တာကာလအတွင်း လုပ်ဆောင်ချက်များကို မှတ်တမ်းပြုထားရှိရန်နှင့် လုပ်ဆောင်ချက်များအပေါ် ပြန်လည်သုံးသပ်ကာ တွေ့ကြုံခဲ့ရသည့်၊ တွေ့ကြုံရနိုင်မည့် အခက်အခဲအကြပ်အတည်းများ၊ များပြားလှစွာသောစိန်ခေါ်မှုများကို အခွင့်အရေးနှင့် အခွင့်အလမ်းများအဖြစ် ပြောင်းလဲ၍ ဆက်လက်ဆောင်ရွက်ရန်ရှိသည်များကို ပြည်သူနှင့်အတူ ပေါင်းစည်းမှုအင်အားဖြင့် ရည်မှန်းချက်များအတိုင်း ပေါက်မြောက်အောင်မြင်နိုင်ရေး ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။